# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ နယုန်လကွယ်၊ စနေနေ့။ Saturday, 17 June 2023 ၁၁၁၂၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## မည်သည့်နိုင်ငံတွင်ဖြစ်စေ နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်

## အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

**တာဝန်ထမ်းဆောင်လျက်ရှိ**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**


ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၆)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် — စာမျက်နှာ » ၇

"မိုခါ"မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၆) (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန) — ဆောင်းပါး စာမျက်နှာ » ၈

အွန်လိုင်းမှာ ထိုနိုင်ပြီ အောင်ဘာလေထီ — စာမျက်နှာ » ၁၃

ကြေးမုံ

# စိုက်ပျိုးနည်းပညာဖြင့် ထွက်ကုန်တိုးရေးကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ စိုက်ပျိုးရေးကို ရှေးအစဉ် အဆက်လုပ်ကိုင်လာခဲ့ကြရာ သမားရိုးကျလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရာသီဥတု၊ မျိုး၊ မြေနှင့် သွင်းအားစုအခြေအနေအမျိုးမျိုးတို့ကြောင့် အထွက်ကောင်း၊ အထွက် တိုးရေး၌ မျှော်မှန်းသလောက် အောင်မြင်ဖြစ်ထွန်းမှုမရှိခဲ့ပေ။

နိုင်ငံတော်အစိုးရအနေဖြင့် "စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရေး" ဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက် ရေးကို အားပေးကူညီဆောင်ရွက်ပေးနေသည်။ စိုက်ပျိုးထွက်ကုန်များ အရည် အသွေးမြင့်မားရေးနှင့် အထွက်နှုန်းကောင်းရေးအတွက် အဓိကလိုအပ်ချက်မှာ နည်းပညာပင်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် စိုက်ပျိုးထွက်ကုန်များ အရည် အသွေးကောင်းအောင် နည်းပညာကိုတီထွင်အသုံးချ ထုတ်လုပ်နိုင်သဖြင့် စိုက်ပျိုး ရေးကဏ္ဍတွင် ရောင်းပန်းလှလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသီးနှံများ စုံလင်အောင် ထွက်ရှိသော်လည်း နည်းပညာလိုအပ်ချက်ကြောင့် အရည်အသွေးနှင့်အထွက်နှုန်းတွင် အားနည်းချက် များရှိနေသည်။ ယခုအခါ နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနနှင့် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနတို့က စပါးအထွက် နှုန်းကောင်းသည့် စိုက်ပျိုးနည်းပညာများကို ရှာဖွေဖော်ထုတ်မျှဝေပေးလိုက်ပြီ ဖြစ်သည်။ စပါးသားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာကို နေပြည်တော် ဇေယျာသီရိ မြို့နယ် ရှာစေးဖိုကျေးရွာအနီး တောင်သူသရုပ်ပြ ပညာပေးစိုက်ခင်းတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြခဲ့ရာ မြို့နယ်ရှစ်မြို့နယ်မှ စပါးစိုက်တောင်သူ ၃၀၀ ကျော် လာရောက်လေ့လာခဲ့သည်။

စိုက်ပျိုးသီးနှံအပင်များ ရှင်သန်ကြီးထွားရေးတွင် ရေဓာတ်လိုအပ်ချက်သည် အတိုင်းအတာပမာဏ အကန့်အသတ်ရှိသည်။ ယခု စပါးသားတက်ဆင့်ပွား နည်းပညာသရုပ်ပြစိုက်ခင်းတွင် စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုးရေပေးဝေ သည့်စနစ်ဖြင့် စပါးပင်၏ ရေလိုအပ်ချက်ကို တွက်ချက်၍ လိုအပ်သလောက်သာ ရေပေးဝေသည့်စနစ်ကို အသုံးပြုထားသည်။ စပါးသားတက်ဆင့်ပွားနည်းပညာသည် ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး မြေဩဇာကို စနစ်တကျအသုံးချနိုင်လျှင် မိခင် အပင်၏ အထွက်နှုန်းနှင့် ကွာခြားမှုမရှိသောအထွက်နှုန်းရရှိနိုင်သည်။ မိခင်အပင် ထက် သက်တမ်းတိုခြင်းကြောင့် တစ်နှစ်လျှင် သုံးသီး လွယ်ကူစွာစိုက်ပျိုးနိုင်သည်။ ပျိုးခင်းပြင်ဆင်ခြင်း၊ ကောက်စိုက်ခြင်း၊ မျိုးဝယ်ယူခြင်း၊ လုပ်အားခနှင့် စိုက်ပျိုးရေ အသုံးပြုမှုကို လျှော့ချနိုင်ပြီး မိခင်အပင်ကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိနိုင်သဖြင့် အကျိုးများသည့်နည်းစနစ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၌ တောင်သူအများစုသည် သီးထပ်စိုက်ပျိုးကြ သည်။ စပါးအနေဖြင့် မိုးစပါး၊ နွေစပါး နှစ်သီးစိုက်ကြသည်။ နိုင်ငံတော်၏ သီးထပ် စွမ်းအား တိုးတက်မြင့်မားစေရန် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးရေးကို စမ်းသပ်နိုင်ခဲ့ သည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် "မျိုး၊ မြေ၊ ရေ၊ နည်း" ဤလေးမျိုး သည် အဓိကလိုအပ်ချက်ဖြစ်သည်။ မိုးနည်းသောဒေသများတွင် စိုက်ပျိုးရေကို ချွေတာပြီး လိုသလောက်သုံးစွဲရေးသည် အလွန်အရေးကြီးသည်။ ယခုရေချွေတာ ရေးနည်းစနစ်ကို ဖော်ထုတ်နိုင်ခဲ့သည်။ အထွက်တိုးသည့် မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစက်ကိရိယာများ၊ စိုက်ပျိုးရေ ရယူသည့်စနစ်များနှင့် စိုက်ပျိုးနည်းပညာများ ကို အသုံးပြုပြီး တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်ပြီး တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက် လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သွင်းအားစုကုန်ကျစရိတ်များ များပြားသဖြင့် ထုတ်လုပ်မှုစရိတ်ပိုလာပြီး စိုက်ပျိုးထုတ်ကုန်တန်ဖိုး မြင့်တက်လာ သည်။ စိုက်ပျိုးထုတ်ကုန် ကုန်ကျစရိတ်များ လျှော့ချနိုင်ရေး တောင်သူများအတွက် လိုအပ်လျက်ရှိရာ ယခုသရုပ်ပြမှုမှတစ်ဆင့် အဖြေကောင်းများ ရရှိလာမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် သဘာဝဓာတ်မြေဩဇာ များအသုံးပြုရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ တိရစ္ဆာန်များ မှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာ အသုံးပြုနိုင်ရေးကို ဆောင်ရွက် ကြရမည်ဖြစ်သည်။ တိရစ္ဆာန်အစာများကို ပြည်တွင်း၌ လုံလုံလောက်လောက် ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့်ဥများ ဈေးနှုန်းကြီးမြင့်မှုကို အထိုက် အလျောက် လျှော့ချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများအတွက် အကျိုးများသည့် စိုက်ပျိုးနည်း စနစ်များကို သုတေသနပြု ရှာဖွေဖော်ထုတ်ပြီး နိုင်ငံတစ်ဝန်းရှိတောင်သူများအား ထပ်ဆင့်မျှဝေပေးကာ စိုက်ပျိုးထွက်ကုန် အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း။ ။

## အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( ၂၀၂၃ ခုနှစ် )ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( ၂၀၂၃ ခုနှစ် )**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၂ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ ခုနှစ်)ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၉၊ ၁၀ နှင့် ၃၅ တို့တွင် ပါရှိသော "ကျန်းမာရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၃၆ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်)
**မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမြင့်သိန်း အား မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၆၈ | ၅၃၉,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၀၀ | ၂၈ | ၈၁,၃၀၀ |
| MCB | ၇,၃၀၀ | ၇,၂၀၀ | ၁၂ | ၈၆,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၁,၇၁၀ | ၂,၅၆၅,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂၉ | ၇၂,၅၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁၃ | ၃၂,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ တစ်ဦးချင်းတာဝန်ထမ်းဆောင်မှု စသည်တို့နှင့် ပတ်သက်၍ မှန်မှန်ကန်ကန်သိရှိနားလည်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အခြေအနေများ တူညီမှုမရှိကြဘဲ နယ်ချဲ့နိုင်ငံများ၊ ကိုလိုနီပြုခြင်းခံခဲ့ရသည့်နိုင်ငံများနှင့် ကိုလိုနီပြုခြင်းမခံခဲ့ရသည့် နိုင်ငံများ စသည်ဖြင့် အမျိုးမျိုးရှိကြောင်း၊ နိုင်ငံ၏ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးပင်ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးမှာ သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသည့် တို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။**

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိပြီး ဒေသအလိုက်၊ လူမျိုးအလိုက် ကွဲပြားခြားနားမှုများရှိကြကြောင်း၊ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများ တူညီမှုမရှိကြဘဲ တောင်တန်းဒေသနှင့် ပြည်မဒေသ တို့သည် ရာသီဥတု၊ မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု၊ ပညာရေးနှင့် ကူးလူးဆက်ဆံမှုများ ကွာခြားမှုရှိသဖြင့် တစ်ပြေးညီတိုးတက်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင်ဘုရင်စနစ်ကျင့်သုံးခဲ့စဉ်က ဘုရင်များ၏ ဩဇာသက်ရောက်မှုအပေါ်မူတည်၍ကွာခြားမှုရှိခဲ့ကြောင်း၊ ကိုလိုနီပြုခြင်းခံခဲ့ရချိန်တွင်လည်း ပြည်မတွင်ရှိသည့် တိုင်းရင်းသားများနှင့် တောင်တန်းဒေသရှိ တိုင်းရင်းသားများ ကွဲပြားခြားနားမှုရှိအောင်နယ်ချဲ့တို့က ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် အင်္ဂလိပ်-မြန်မာစစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ကိုလိုနီလက်အောက်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများသည် ကိုလိုနီလက်အောက်တွင် ပိုမိုကြာရှည်စွာနေခဲ့ကြရကြောင်း၊ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲပြီးနောက် ၎င်းဒေသများသည် အင်္ဂလိပ်အုပ်ချုပ်မှုပုံစံကို ကျင့်သုံးခဲ့ကြပြီး ထိုအချိန်၌ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဘုရင်စနစ်ကို ကျင့်သုံးနေဆဲဖြစ်ကြောင်း၊ အုပ်ချုပ်မှုပုံစံကွဲပြားခြားနားမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုလိုနီလက်အောက်သို့ ကျရောက်ချိန်တွင် ၎င်းတို့၏ တောင်တန်း-ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့ကြောင်း၊ ကိုလိုနီလက်အောက်မှ ရုန်းထွက်ချိန်တွင် ပညာတတ်များ နည်းပါးခြင်းနှင့် စုစည်းညီညွတ်သည့် အားများနည်းပါးမှုများရှိခဲ့၍ လွတ်လပ်ရေးကို ခက်ခဲစွာ ကြိုးပမ်းရယူခဲ့ရကြောင်း။

တပ်မတော်သားများသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသူများ၊ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်နေသူများဖြစ်သည့်အတွက် ခေတ်အဆက်ဆက် နိုင်ငံ၏သမိုင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်ကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊

> ☆ **မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါပုံနှင့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကိုလည်း အမြဲမပြတ် သိရှိနားလည်နေရန်လည်းလို**
>
> ☆ **အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း သိရှိနေရမည်ဖြစ်ပြီး ဆက်လက်၍လည်း မျက်ခြည်မပြတ် လေ့လာသွားရန်လို**

မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းကြောင်းမှ သင်ခန်းစာများကို ဖော်ထုတ်ပြီး နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါပုံနှင့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကိုလည်း အမြဲမပြတ် သိရှိနားလည်နေရန်လည်းလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်းသိရှိနေရမည်ဖြစ်ပြီး ဆက်လက်၍လည်း မျက်ခြည်မပြတ် လေ့လာသွားရန်လိုကြောင်း။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး ကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြု ပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း၊ မိမိတို့တိုင်းပြည်သည် ကိုလိုနီဖြစ်ခဲ့ရသဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်များစုတွင် နိုင်ငံရေးအယူအဆကွဲပြားမှုများရှိခဲ့ကြောင်း၊ နိုင်ငံတော်၌ ဆိုရှယ်လစ်စနစ်ကျင့်သုံးနိုင်ရေးအတွက် တော်လှန်ရေးကောင်စီ၏ မူဝါဒသဘောထားကြေညာချက်တွင် စတင်ဖော်ထုတ်လာသည်ကို သမိုင်းမှတ်တမ်းများ၌ တွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာလည်း နိုင်ငံရေးအရအခက်အခဲနှင့် သမိုင်းကြောင်းများအပြင် စီးပွားရေးအရအခက်အခဲနှင့် သမိုင်းကြောင်းများကြောင့် ဖြစ်ကြောင်း။

ထိုသို့ အခက်အခဲ၊ အကျပ်အတည်းများ ဖြစ်ပေါ်နေမှုကို တပ်မတော် ခေါင်းဆောင်များက သတိထားတွေ့မြင်ခဲ့ပြီး တိုင်းပြည်၏ အနာဂတ်အရေးအတွက် မြော်တွေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထို့နောက် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့ပြီး နိုင်ငံတော်၏စီးပွားရေးအခန်းကဏ္ဍကိုပြည်သူတို့လက်ဝယ်တွင်ရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားခဲ့ရခြင်းသည် နိုင်ငံရေးပဋိပက္ခများထက် စီးပွားရေးကျဆင်းခဲ့ရမှုများကြောင့် အခြေခံပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ပျှောက်လှမ်းနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးတပ်မတော်မှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ သွားနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြေတောင်မြှောက်ပေးခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ဖော်ဆောင်ပေးခဲ့ကြောင်း။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်ပါတီမှ ဒီမိုကရေစီအစိုးရတစ်ရပ်တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာသည့် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် တပ်မတော်အနေဖြင့် ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံများအရ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို အကြံဉာဏ်ပေးခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုအားနည်းသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင်လည်း အုပ်ချုပ်သူအစိုးရအဖွဲ့အနေဖြင့် အကျပ်အတည်းများစွာ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်မှ ကူညီဖြေရှင်းပေးခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟု အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ရွေးကောက်ပွဲတွင် မရိုးသားသည့်နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် အတည်ပြုနိုင်ခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်မှလျှောက်လှမ်းနေသည့် ပြည်သူလူထုမှ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာဖြစ်ပြီး မိမိတို့အနေဖြင့် အဆိုပါလမ်းကြောင်းပေါ်မှ သွေဖည်အောင် ဆောင်ရွက်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို အခက်အခဲ၊ အကျပ်အတည်းများကြားမှ ဘက်ပေါင်းစုံဖွံ့ဖြိုး တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် နောက်ဆုံးအချက်ဖြစ်သည့် **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"** ဟူသည့် အချက်အား မဖြစ်မနေအကောင်အထည်ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**တစ်ဦးချင်း၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ရည်မှန်းချက်များ မပျောက်ပျက်အောင် အလေးထား ဆောင်ရွက်သွားရန်လို**

တစ်ဦးချင်းတာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ တပ်မတော်သားတိုင်းသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ တပ်မတော်အတွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ **လူတိုင်းသည် ဘဝတိုးတက်မှုကို လိုလားကြပြီး တိုးတက်မှုများ ဖြစ်ပေါ်ရေးအတွက် အဓိကလိုအပ်ချက်သည် အသိပညာ၊ အတတ်ပညာများကို အမြဲမပြတ်လေ့လာအားထုတ် ကြိုးစားလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊** မိမိဘဝအတွက် အကျိုးဖြစ်စေမည့် စာပေဗဟုသုတ၊ ဘာသာစကားနှင့် နည်းပညာပိုင်းဆိုင်ရာများကို လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် သင့်တင့်လျောက်ပတ်သည့် ကိုယ်ခန္ဓာသွင်ပြင်နှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ညီညွတ်မျှတသည့် နေထိုင် စားသောက်မှုပုံစံနှင့် ကိုယ်လက်လှုပ်ရှားမှုရှိရမည်ဖြစ်ကြောင်း။

> ☆ **လူတိုင်းသည် ဘဝတိုးတက်မှုကို လိုလားကြပြီး တိုးတက်မှုများ ဖြစ်ပေါ်ရေးအတွက် အဓိကလိုအပ်ချက်သည် အသိပညာ၊ အတတ်ပညာများကို အမြဲမပြတ်လေ့လာအားထုတ် ကြိုးစားလုပ်ဆောင်ခြင်းပင်ဖြစ်**
>
> ☆ **မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာ၌ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိအလုပ်ကို သစ္စာရှိရမည်၊ မိမိ မိသားစုကို သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်၊ မိမိ ကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိ နိုင်ငံတော်အပေါ် ယုံကြည်ချက်၊ ခံယူချက် မြင့်မားရမည်**

**မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာ၌ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိအလုပ်ကို သစ္စာရှိရမည်၊ မိမိ မိသားစုကို သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်၊ ခံယူချက် မြင့်မားရမည်ဖြစ်ကြောင်း၊** လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်များရှိကြကြောင်း၊ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြား၊ နယ်မြေခံတပ်ရင်းများအားလိုက်လံကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြောက်ဦးမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၆**

စစ်တွေမြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့တွင် မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့များသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်/ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမများတွင် သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဦးစွာ ခရိုင်/မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် တပ်မတော်အရာရှိကြီးများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ တာဝန်ပေးချက်အရ မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဖြည့်ဆည်းပေးရန်လိုအပ်မှုအခြေအနေတို့ကို သိရှိအောင် လာရောက်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် မဖြစ်ပွားအောင် တားဆီးခြင်းမပြုနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုများဖြင့် ထိခိုက်ဆုံးရှုံးမှုနည်းအောင် ကာကွယ်နိုင်ပါကြောင်း။

**ရင်ဆိုင်ဖြတ်ကျော်ခဲ့**

မိုခါမုန်တိုင်းသည် တစ်နာရီမိုင် ၁၂၀ နှုန်းပြင်းအားဖြင့် ကြီးမားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းဖြစ်သော်လည်း နိုင်ငံတော်၏ ကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကောင်းမွန်စွာ ရင်ဆိုင်ဖြတ်ကျော်ခဲ့သည်ကို တွေ့မြင်နိုင်ကြောင်း။

နိုင်ငံတော်၏ ဘတ်ဂျက်၊ နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်တို့၏ အလှူငွေများဖြင့် ပထမဦးစားပေးအနေဖြင့် ပြည်သူအားလုံး အမိုးအကာအောက် လုံခြုံစွာရောက်ရှိနေထိုင်နိုင်ရန်စီမံခဲ့ကြောင်း၊ ဒုတိယဦးစားပေးအနေဖြင့် မုန်တိုင်းမတိုင်မီ ကြိုတင်ကြေညာထားသည့် ဇွန် ၁ ရက် ကျောင်းဖွင့်နိုင်ရေးအတွက် အထက်တန်းကျောင်းများကို ဦးစားပေးပြင်ဆင်ခဲ့ပြီး သတ်မှတ်ရက်တွင် ကျောင်းသား ကျောင်းသူများကို အမိုးအကာအောက် လုံခြုံစွာဖြင့် ကျောင်းဖွင့်လှစ် နိုင်ခဲ့ကြောင်း၊ ပြင်ဆင်ဆဲ ကျောင်းများအတွက်လည်း ယာယီအဆောက်အအုံများဖြင့် အမိုးအကာအောက်တွင် သင်ကြားနိုင်ရေး ပြုလုပ်ပေးနိုင်ခဲ့ကြောင်း။

တတိယ ဦးစားပေးအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ/ဆေးခန်းများ ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ယခုကာလတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ပြန်လည်ပြုလုပ်ပေးလျက်ရှိကြောင်း။

မြောက်ဦးမြို့သည် သမိုင်းတန်ဖိုးအရ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းမြို့တော် မြို့ဖြစ်၍ ပိုမို အလေးထားဆောင်ရွက်ရန်လိုပြီး ရှေးမူမပျက်ပြုပြင်မှုများ ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ကမ္ဘာ့ယဉ်ကျေးမှုအဖြစ် အသိအမှတ်ပြုသည့် UNSCO မှတ်တမ်းဝင်အောင် ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းအတွက် ပြည်တွင်း/ပြည်ပခရီးသွားများကို ဆွဲဆောင်ရာ နယ်မြေဖြစ်လာမည်ဖြစ်ပြီးတစ်ဖက်တွင် ဒေသ၏စီးပွားရေးဖွံ့ဖြိုးမှု အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

မုန်တိုင်းကြောင့် ထိခိုက်မှုပြင်းထန်သောမြို့များ၌ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာထိခိုက်မှုမပြင်းထန်သော မြို့များအနေဖြင့် မိမိဒေသ၏ အားသာချက်ကို အသုံးချ၍ကုန်ထုတ်မှုစွမ်းအားကို ပုံမှန် အခြေအနေထက်ပို၍ မြှင့်တင် လုပ်ဆောင်ရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် မုန်တိုင်းကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေသည့် မြို့နယ်များ၏ စားကုန်၊ သောက်ကုန်၊ လူသုံးကုန်နှင့် အထွေထွေပစ္စည်း လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အပြင် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု များပြားနေသည့် မြို့နယ်များ၏ ပျက်စီးဆုံးရှုံးခဲ့ရသည့် **စာမျက်နှာ ၅ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကမ်းနီမြို့နယ် နယ်မြေခံတပ်ရင်းရှိအရာရှိ၊စစ်သည်၊မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

❂ ကျောဖုံးမှ

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် အလှူတော်ငွေကျပ်သိန်း ၁၀၆၀ ကို ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လက်ခံရယူသည်။

ယင်းနောက် မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယကမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ဉာဏာဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အနုမောဒနာတရားနာယူခဲ့ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၁၀၆၀ ကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ် ပေါင်းလောင်းလေးကျေးရွာ ရွာဦးကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ဝိဇ္ဇောဘာသာလင်္ကာရ ဘိဝံသက အလှူငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့မှ ဦးဝေချင်းဟိုင်မိသားစု Hanley Group က အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း၊ ဦးစည်သူဝင်းမိသားစု Guardian Academy Private School က အလှူတော်ငွေကျပ်သိန်း ၄၀ ကို လည်းကောင်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများက နန္ဒာရာမ ပရိယတ္တိစာသင်တိုက်၏ ပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် အလှူတော်ငွေကျပ်သိန်း ၁၀၆၀ ကို ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လက်ခံရယူစဉ်။

❖ စာမျက်နှာ ၄ မှ

ကုန်ထုတ်လုပ်ငန်းများ ပြန်လည်ထူထောင်ရေး ကာလအတွင်း ကျဆင်းခဲ့ရသည့် မြို့နယ်အလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကိုလည်း တစ်ဖက်တစ်လမ်းမှ ကာမိစေမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိပြည်နယ်အတွင်းမှာပင် အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသော အခြေခံစားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းတို့ကို ပြည်နယ်အတွင်းမှာပင် ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝယ်ယူပို့ဆောင်စရိတ် မြင့်မားစွာ ပေးချေ၍ ကုန်ပစ္စည်းများ မှာယူရခြင်းမှ လျော့နည်းခြင်းဖြင့်လည်း ဒေသအတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှုကို အတတ်နိုင်ဆုံးတားဆီးနိုင်မည် ဖြစ်ပါကြောင်း။

လုပ်ငန်းတိုးချဲ့ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် သတ်မှတ်စည်းမျဉ်းများနှင့်အညီ မတည်ရင်းနှီးငွေကာလ၊ လုပ်ငန်းတိုးချဲ့ကာလနှင့် ဆောင်ရွက်ဆဲလုပ်ငန်းကာလအလိုက် သတ်မှတ်အတိုးနှုန်းဖြင့် ချေးငွေရရှိရေး နည်းလမ်းနှင့် အခွင့်အလမ်းများကိုလည်း MSME ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီက လမ်းညွှန်ပေးထားပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း GDP တိုးတက်မှသာလျှင် တစ်ဦးချင်း ဝင်ငွေလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှလည်း ဝယ်လိုအားများ မြင့်မားလာပြီး ဝယ်လိုအားမြင့်မားမှလည်း ထုတ်လုပ်မှုစွမ်းအားနှင့် ကုန်ကြမ်းရရှိရေးကာလများလည်း ကွင်းဆက်အကျိုးတရားများဖြင့် ပြည်နယ်၏ စီးပွားရေးကဏ္ဍမှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြန်လည်ထူထောင်ရေးကာလအတွင်း ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သော သား၊ ငါး၊ လယ်ယာလုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း။

**ထောက်ပံ့ပေးအပ်**

ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသော စကားနှင့်အညီ တာဝန်ရှိသော ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူတို့၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် စစ်တွေမြို့ အပါအဝင် မုန်တိုင်းထိခိုက်သော မြို့နယ်များတွင် တစ်လအတွင်း မြင်သာထင်သာသည့် တိုးတက်မှုများ တွေ့ရှိရပါကြောင်း၊ စည်းလုံးညီညွတ်မှုဖြင့် သဘာဝဘေးအန္တရာယ်သာမက မည်သည့် ဘေးအန္တရာယ်မဆို ရင်ဆိုင် ဖြတ်ကျော်နိုင်ကြောင်း၊ သို့ဖြစ်၍ "စည်းလုံးညီညာအောင်ကြောင်းဖြာ"ဆိုသည့် စကားနှင့်အညီ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရ၊ ပရဟိတအဖွဲ့များနှင့် ပြည်သူလူထုအားလုံး ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း အသေးစိတ် ဆွေးနွေးရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောက်ဦး၊ မင်းပြား၊ နှင့် ကျောက်ဖြူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြင်ဆင်နေမှု အခြေအနေများနှင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့ရှိ အခြေခံပညာအထက်တန်း ကျောင်းတွင် ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မြောက်ဦး၊ မင်းပြားမြို့၊ ကမ်းနီ၊ စစ်တောနှင့် ကျောက်ဖြူမြို့တို့ရှိ နယ်မြေခံတပ်ရင်း များ၊ ရဲတပ်ရင်းများအား လိုက်လံ ကြည့်ရှုစစ်ဆေးပြီး တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ရာသီသီးနှံမျိုးစေ့ထုပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်းပြားမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်ဖြူမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးဧရိယာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဖိုးတန်ဂေဟာစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရေးတို့အတွက် သစ်တောသစ်ပင်များသည် လူ့ပတ်ဝန်းကျင်အတွက် များစွာအရေးပါကြောင်း၊ သစ်တောသစ်ပင်များက ရေသယံဇာတများကိုထိန်းသိမ်းပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ်ကို သဟဇာတ ဖြစ်စေကြောင်း၊ “ဥတုရာသီ တောကိုမှီ” ဟူသည့်အတိုင်း ရာသီဥတုကို ကောင်းမွန်စေကြောင်း၊ စိမ်းလန်းစိုပြည်မှုကိုဖြစ်စေသဖြင့် လူ့စိတ်နှလုံးကို အေးချမ်းစေကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်စေရန် စတင်စိုက်ပျိုးသည်မှစ၍ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းသွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၏ ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြုလုပ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ မန်ကျည်းရှား၊ သကြန်း၊ မဲဇလီ၊ သပြေကြီး၊ မန်ကျည်း၊ ယမနေ စသည့် သစ်ပင်စုစုပေါင်း ၁၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များကို တာဝန်ရှိသူများက စုပေါင်း စိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် သစ်ပင် ၄၁၁၉၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဦးမြတ်သက်ဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမြတ်သက်ဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

# စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ



နေပြည်တော် ဇွန် ၁၆

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၆) အနီးရှိ မြေနေရာနှင့် ရုံးအမှတ် (၄၄) သို့ သွားရောက်သည့် လမ်းဘေးတွင် ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ကံ့ကော်ပင်များ စိုက်ပျိုးပေးကြပြီး ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ တပျော်တပါး စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် ကံ့ကော်ပင်၊ ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ မန်ကျည်းပင်နှင့် လေကာပင် စုစုပေါင်း ၄၇၀ ခန့် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အဆင့်မြင့်အရာထမ်း သင်တန်းဆင်း





ရန်ကုန် ဇွန် ၁၆

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ အဆင့်မြင့် အရာထမ်း သင်တန်းအမှတ်စဉ် (၂၁)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်၈ နာရီတွင် ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေး၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေးက နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်များဖြစ်သည့် ဒီမိုကရေစီ ဖက်ဒရယ်စနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် ပြည်သူများကို အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းအားသည် အလွန်ပင်အရေးကြီးသည့်အတွက် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံ သစ်များကို ဆက်လက်လေ့လာသွားရန် လိုကြောင်း။

“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဆိုသည့်အတိုင်း မိမိတို့ကျရာ အခန်းကဏ္ဍမှ နိုင်ငံတော်၏ ဦးတည်ချက်၊ ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ် (၂၁)သို့ သင်တန်းသား ၂၃ဦး၊ သင်တန်းသူ ၂၃ ဦး စုစုပေါင်း ၄၆ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ ဇွန် ၁၆ ရက်အထိ ရက်သတ္တ ၈ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယမန်နေ့ ညနေပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေးသည် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စံပယ်ဆောင် ရှေ့မြေကွက်လပ်၌ ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်အား စိုက်ပျိုးပေးခဲ့ပြီး ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ၏ မိုးရာသီသစ်ပင် စိုက်ပျိုးမှု အခြေအနေကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၆၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၆)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇွန် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ အကြံပေးနှင့် (၂၆)ကြိမ်မြောက် နိုင်ငံတကာ စီးပွားရေးဖိုရမ် ကျင်းပရေးကော်မတီ၏ အမှုဆောင်အတွင်းရေးမှူးဖြစ်သူ မစ္စတာအန်တွန်ကိုဗျာကော့ဗ်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိသည်။

ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဖိုရမ်ပထမနေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ အရှေ့ဖျားဒေသ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ FESCO Transportation and Logistics ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ဗလာဒီဗော့စတော့ခ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများသို့ ရေကြောင်းလမ်း အသုံးပြုဆက်သွယ်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတအကြံပေး ရော့စ်ကွန်ဂရက် ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အတွင်းရေးမှူး ဖြစ်သူ မစ္စတာ အန်တွန်ကိုဗျာကော့ဗ်နှင့် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရှိရှာတီရော့ဗ် နှင့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံ၊ ဆိုလာစက်ရုံနှင့် စက္ကူပျော့ဖတ်စက်ရုံတည်ဆောက်ရေးနှင့် စက်သုံးဆီဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥရောပ-အာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆီးဂေးရီယူရီရယ်ဗိချ်ဂလာဇီးရပ်စ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union–EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် EAEU ၏ ဒေသတွင်းစီးပွားရေး ပေါင်းစည်းဆောင်ရွက်မှုများအား လေ့လာရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဖိုရမ်ဒုတိယနေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် On the Road to Recycling: From Waste to Resources ဆွေးနွေးမှုအစီအစဉ်သို့ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်အဖြစ် ပြောင်းလဲရန် အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ(Memorandum of Cooperation) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီးတို့က စာချွန်လွှာကို လက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (EAEU–ASEAN Business Dialogue)သို့ ပါဝင်တက်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အီးအေအီးယူနှင့် အာဆီယံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ရည်မှန်းချက်များ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ပါဝင်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာ့က်ခ်ဆင်ရယ်ရှယ်နီကို့ဗ်နှင့်တွေ့ဆုံကာ ရုရှား-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ဦးစားပေးကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် စတုတ္ထအကြိမ် ကော်မရှင်အစည်းအဝေးကို ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ Governor’s Lounge ရှိ Cen–terInform JSC သို့ သွားရောက်လေ့လာခဲ့ပြီး သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်း၊ သတင်းအချက်အလက် ဝန်ဆောင်မှုနှင့် သတင်းအချက်အလက် လုံခြုံရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ တင်သွင်းရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# (၂၆)ကြိမ်မြောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Ms. ELVIRA Nabiullina တို့သည် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ်အတွင်း ဇွန် ၁၅ ရက်က တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဗဟိုဘဏ်နှစ်ခုအကြား Capacity Building ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ Local Currency အသုံးပြုပြီး ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အထောက်အကူပြုစေမည့် ကိစ္စရပ်များအတွက် နှစ်ဖက်နိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၌ အဆက်အသွယ်ဘဏ်များ



ထူထောင်ပြီး နှစ်ဖက်နိုင်ငံရှိငွေပေးချေမှုကတ်များ ချိတ်ဆက်၍ အပြန်အလှန်ငွေပေးချေမှု ဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်အတွင်း "Russia–Asia. Is the World Going Digital?"ခေါင်းစဉ်ဖြင့် ငွေပေးချေမှုကဏ္ဍတွင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် ငွေပေးချေမှု ဖြစ်ပေါ်တိုးတက်လာမှု အခြေအနေများ၊ QR Code ငွေပေးချေမှုဆိုင်ရာ ဆောင်ရွက်နေမှုများ၊ Cross–Border Payment တွင် ဒစ်ဂျစ်တယ် Payment များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ လက်ရှိဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

**သဘောတူစာချုပ် ချုပ်ဆို**

မြန်မာနိုင်ငံမှ Myanmar Payment Union(MPU)နှင့် Russia နိုင်ငံမှ National Payment Card System (NSPK) တို့အကြား Memorandum of Understanding နားလည်မှုစာချွန်လွှာကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးထိုးခဲ့ကြပြီး MPU–NSPK Project အတွက် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ် တက်ရောက်စဉ်အတွင်း Payment Systems Interaction Agree–ment ကို Myanmar Payment Union(MPU)မှ အမှုဆောင်အရာရှိချုပ် ဦးမင်းဝင့်ဦးနှင့် National Payment Card System (NSPK)မှ Chairman of the Management Board၊ Chief Executive Officer Vladimir Komlev တို့ ဇွန် ၁၅ ရက်တွင် လက်မှတ်ရေးထိုး သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။

စာချုပ်ချုပ်ဆိုပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပြည်ပခရီးသွားကဏ္ဍအတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ရုရှားနိုင်ငံမှ ခရီးသွားများအား မြန်မာနိုင်ငံတွင် ၎င်းတို့၏ ကတ်များ သုံးစွဲနိုင်ရေးအတွက် ၂၀၂၃ ခုနှစ်မကုန်မီ ဆောင်ရွက်နိုင်ရန် လျာထားကြောင်း သိရသည်။

**သတင်းစဉ်**

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၆) (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### ရခိုင်ပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ

စစ်တွေမြို့တွင် ရောက်ရှိနေခိုက် ရခိုင်ပြည်နယ်၏ အားကစားလှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ စိတ်ဝင်စားစရာကောင်းသည်များ တွေ့လာရသည်။ မိုခါမုန်တိုင်းဒဏ်သင့်သည်၊ မသင့်သည် အပထား၊ မန္တလေးတွင် ကျင်းပနေသည့် U-19 အမျိုးသားဘောလုံးပြိုင်ပွဲမှာ စိတ်ဓာတ်ကောင်းစွာ ဝင်ရောက်ယှဉ်ပြိုင်နေသည်ကတော့ ချီးကျူးစရာကောင်းနေသည်။ ဇွန်လ ၈ ရက်နေ့မှ ၂၈ ရက်နေ့အထိ ယှဉ်ပြိုင်ကြမည်။ လာမည့် ဇူလိုင်လထဲတွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ဖူဆယ်ပြိုင်ပွဲအတွက်လည်း ညှိနှိုင်းအစည်းအဝေး သွားရောက်တက်ရောက်ရန်ရှိကြောင်း ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေဌေးက ပြောသည်။ သူလည်း ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမားတစ်ဦး ဖြစ်ခဲ့ဖူးသည်။ သူ့ဆရာညွှန်ကြားရေးမှူး ဦးဝင်းမောင်ကလည်း ဘောလုံးအားကစားသမားတစ်ဦးပင်။ သမီး ခင်မေဌေးနှင့် စကားစပ်မိရင်း ရခိုင်ပြည်နယ်ဇာတိဖွား နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားသမား ညီအစ်ကိုများဖြစ်ကြသော ဦးကျော်မြ၊ ဦးဝင်းမြ၊ ဦးစိုးမြ၊ ဦးရဲမြတို့ ညီအစ်ကိုများအကြောင်းပြောဖြစ်ခဲ့သည်။ တစ်ချိန်က သတင်းစာများထဲတွင် ထိုပုဂ္ဂိုလ်များ၏ နာမည်များကို ရခိုင်တိုင်းရင်းသားအသံထွက်အတိုင်း တုတ်ထောက်ခုန်အားကစားသမား ဝင်းမရ၊ စိုးမရ စသည်ဖြင့် ဖော်ပြကြသည်များကိုလည်း အမှတ်ရမိသည်။ မှတ်မှတ်ရရ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကာလ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အတူ သွားရောက်ခဲ့သော စစ်တွေ၊ ကျောက်ဖြူ သံတွဲခရီးစဉ်၌ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြလည်း လိုက်ပါလာသဖြင့် အားကစားအကြောင်းများ ပြောဖြစ်ကြသေးသည်။ ဦးဝင်းမြသည် ဆရာဝန်ကြီးတစ်ဦးဖြစ်သလို သံအမတ်ကြီးတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်သည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမဆုရ ရခိုင်ပြည်နယ်အသင်းအား ဂုဏ်ပြုဆုဖလား ချီးမြှင့်ပေးအပ်စဉ်။

ခင်မေဌေးရေ... သမီးတို့ဆီမှာ ရခိုင်ဇာတိဖွား မြန်မာ့လက်ရွေးစင် အားကစားသမားတွေ စာရင်းရှိလား၊ ရှိသလောက်ရှာလာခဲ့စမ်းပါဟု တောင်းယူလေ့လာ ကြည့်လိုက်သောအခါဝယ် ကျွန်တော်ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်နေသော နိုင်ငံကျော်အားကစားသမားများကို တွေ့လိုက်ရပါပြီ။ ဒေါ်ခင်ပုဆိုသောအမည်၊ ကျွန်တော်တို့ သုံးတန်း၊ လေးတန်းအရွယ် ၁၉၆၉ ခုနှစ်ကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် မခင်ပုဆိုသောအမည်က ပြေးခုန်ပစ်အားကစားနည်းနှင့်တွဲ၍ ကျော်ကြားခဲ့သည်။ လုံတံပစ်ရွှေတံဆိပ်ဆုရှင်ဖြစ်သည်။ အလျားခုန်နှင့် မီတာ ၁၀၀ တာတို အပြေးမယ်ဒေါ်မြသူဇာသည်လည်း ၁၉၇၉ ခုနှစ်က ရွှေတံဆိပ်ဆုရှင်ဖြစ်ကြောင်း၊ သူနှင့် ညီအစ်မတစ်ဝမ်းကွဲ တော်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံထံမှ သိရသည်။ ၁၉၇၅ ခုနှစ် အားကစားသမားကြီးများဖြစ်ကြသော ဦးခင်စိုး(မာရသွန်)နှင့် ဦးသက်ထွန်းကျော် (တုတ်ထောက်ခုန်) တို့ကိုလည်း အမည်စာရင်းထဲတွင် တွေ့လိုက်ရ၏။ သူယူလာသော စာရင်းထဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမား ၈၀ ၏ အမည်နာမများကို ဖော်ပြထားသည်။ ထိုအထဲက ကာယဗလ၊ ကရာတေးဒို၊ ဂျူဒို၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ခရစ်ကက်၊ ဘတ်စကက်ဘော၊ သုံးမျိုးစုံ၊ စက်ဘီး၊ မြားပစ်၊ ဝူရှူး၊ လှေလှော်၊ သေနတ်ပစ်၊ Squash၊ ကန်ပို၊ ဂေါက်သီး၊ နပန်း၊ လက်ဝှေ့အားကစားလက်ရွေးစင်များကမူ ကျွန်တော်နှင့် သိပ်မရင်းနှီးပါ၊ သူ့ကာလနှင့်သူ ရခိုင်ပြည်နယ်၏ဂုဏ်ကို ဆောင်ခဲ့ကြသူများဟု ဆိုရမည်သာ။

သို့သော် ဘောလုံးအားကစားသမားထဲတွင်မူ ကျွန်တော်ငယ်စဉ်က ရင်းနှီးခဲ့သော နာမည်တစ်ခုကို ထပ်မံတွေ့ရှိလိုက်ပြန်ပါပြီ။ ဦးမောင်မောင်ညွန့်၊ ၁၉၇၀-၇၁ အချိန်ကာလများဆီက ဂိုး-မောင်မောင်ညွန့်။ မြန်မာ့လက်ရွေးစင်ဂိုးသမားများဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးတင်အောင်တို့က စောလိမ့်မည်ထင်ပါသည်။ မာဒေးကားခေတ် လက်ရွေးစင်များဟု ပြောရမည်လားမသိ။ သည်ဘက်ခေတ်ကိုရောက်လာတော့ ဦးမောင်မောင်ညွန့်တို့၊ မျိုးလှိုင်ဝင်း၏ ဖခင် ဂိုး-ဦးတင်ဝင်းတို့ ပေါ်ပေါက်လာကြသည်။ မြန်မာ့ဘောလုံးလောကတဖြည်းဖြည်း အရောင်မှိန်လာသောအခါ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ ကြည်လွင်၊ တင်မြင့်အောင်၊ စိုးမြတ်မင်းတို့နောက်ပိုင်း ဘောလုံးသမားအမည်များက ကျွန်တော့်ရင်ထဲသို့ ရောက်မလာတော့ပါ။ သို့သော် မိမိတို့ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ဇာတိဖွား မြန်မာ့လက်ရွေးစင်ဂိုးသမား မေခင်ယမင်းကိုတော့ဖြင့် သိနေပါသည်။ ကျွန်တော်တို့တိုင်းရော၏ ဆောင်ပုဒ်ဖြစ်သော “ရိုးသားကြိုးစား ဧရာဝတီသား” ထဲတွင် သူလည်း တစ်ယောက်အပါအဝင်ဖြစ်ကြောင်း ကြုံကြိုက်ရင်း ကြွားလိုက်ချင်ပါသေး၏။

### မြေပုံကို ဂုဏ်ဆောင်သည့် နော်ထက်ထက်ဝေ

ရခိုင်ပြည်နယ်အတွက် ကျွန်တော် ဝင့်ဝင့်ကြွားကြွား ဂုဏ်ပြုစကားပြောကြားပေးလိုသော အမျိုးသမီးအားကစားသမားတစ်ဦး ရှိနေပါသေးသည်။ သူကတော့ မကြာသေးမီကမှ ကျင်းပပြီးစီးခဲ့သော (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်း၏ကွင်းလယ်အားကစားသမား ကျောနံပါတ် ၆ နော်ထက်ထက်ဝေဖြစ်သည်။ သူ့အစ်မတော် ကျောနံပါတ် ၇ သန်းသန်းထွေးကဲ့သို့ပင် ဘောလုံးဖြန့်ဝေမှုရော၊ ကွင်းလယ်အဖျက်ရောတိုက်စစ်သို့ လိုက်ပါကစားနိုင်မှုပါ ကျွမ်းကျင်ပိုင်နိုင်စွာ ကစားနိုင်သည်ကို ဗီယက်နမ်နှင့် ဖိုင်နယ်ပွဲစဉ်မှာ မြင်ခဲ့ရသည်။ ဘောလုံးစကေးလည်း ကောင်းပါသည်။ ရခိုင်ပြည်နယ် မြေပုံမြို့၌ နေထိုင်လျက်ရှိပြီး နာမည်က နော်ထက်ထက်ဝေ ဖြစ်နေရသည့် အကြောင်းကိုလည်း စိတ်ဝင်စား၍ မေးမြန်းကြည့်မိသည်။

စာမျက်နှာ ၉ သို့ ✳



၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဒိုင်းဆုရ ရခိုင်ပြည်နယ်အသင်းအား စစ်တွေလေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

> “၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ်အသင်း ဖိုင်နယ်သို့ တက်ရောက်လာပြီးနောက် ရှမ်းပြည်နယ်အသင်းနှင့် ဆုံသည်။ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ပထမဒိုင်းဆုကြီးကို ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခွင့်ရသွားခဲ့ကြသည်။ ရိုးရိုးကားဖြင့် သယ်သွားခြင်းမျိုးမဟုတ်၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ငွေသားကျပ် ၂၅ သိန်းအပြင် စစ်တွေသို့ အပြန်ခရီးစဉ်အတွက် လေယာဉ်စီစဉ်ပေးခဲ့သည်။ အမျိုးသမီးဘောလုံးအသင်း၏ အိမ်အပြန်ခရီးက ခမ်းနားထည်ဝါနေသလို စစ်တွေလေဆိပ်မှစ၍ ကြိုဆိုနေကြသော မြို့လူထု၏ အားပေးလက်ခုပ်သံများကလည်း ဘဝဂ်သို့ ညံနေပေတော့သည်”

✻ စာမျက်နှာ ၈ မှ

အဘိုးက စကောကရင်တိုင်းရင်းသား၊ ထို့ကြောင့် အဖေက ကရင်၊ အမေက ချင်းတိုင်းရင်းသူ၊ သည့်အတွက် ကရင်နှင့် ချင်းသွေးပါနေသည့် နော်ထက်ထက်ဝေကို မွေးဖွားလာခဲ့သည်။ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့၍ ပညာရေးဝန်ကြီးဌာန၏ YREO – FC တွင် ပါဝင်ကစားခွင့်ရခဲ့သည်။ ထိုမှ U-19 လက်ရွေးစင်ဖြစ်ခဲ့ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကြီးတွင် ပါဝင်ကစားနေပြီဖြစ်ကြောင်း သိရ၏။ ရခိုင်ပြည်နယ်အတွက် ဂုဏ်ယူမိပါသည်၊ သမီး နော်ထက်ထက်ဝေ...။

**လူငယ်လူရွယ်တိုင်းအတွက် လမ်းညွှန်မှာကြားချက်**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြီးခဲ့သည့် ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းအခမ်းအနားတွင် မိန့်ကြားခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ အမှာစကားများထဲမှ အောက်ပါအချက်နှစ်ချက်ကို ကျွန်တော်သတိပြုမှတ်သားခဲ့မိသည်–

**“နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော် အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များအား ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း ...”**

**“နိုင်ငံတော်ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာ လိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန်”**

**မိုခါအငွေ့အသက်တွေကြားက ထပ်ဆင့်ဂုဏ်ပြုပွဲလေးတစ်ခု**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/နည်းပြ ၁၀၄ ဦး စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၂၁ ခု၊ ငွေ ၂၅ ခု၊ ကြေး ၆၈ ခု၊ စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့သည်။ အဆိုပါဆုတံဆိပ်ရှင်များထဲတွင် ရခိုင်ပြည်နယ်မှ အမျိုးသမီးဘောလုံးပြိုင်ပွဲ ငွေတံဆိပ်ဆုရှင် နော်ထက်ထက်ဝေ၊ 70kg နှင့် 52kg ဂျူဒိုပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုရရှိခဲ့ကြသော မဖြိုးဆွေဇင်ကျော်နှင့် မခင်ခင်စု၊ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့ကြသော ဦးအောင်မျိုးဆွေနှင့် ဦးအောင်မျိုးနိုင်တို့လည်း အပါအဝင်ဖြစ်သည်။

အထက်ပါ အားကစားသမား ငါးဦးအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန်လ ၈ ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ညှော့ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မိုခါမုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် စစ်တွေမြို့၌ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်မှတ်များ ပေးအပ်ခဲ့ကြသည်။ ဆုရအားကစားသမားများထဲမှ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများနှင့် နည်းပြများက ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသဖြင့် မုဒိတာပွားရ၍ ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ဆိုမိပါသည်။ သာလီစွပါ ရခိုင်ဇာတိဖွား အားကစားသမားများတို့ရေ ...။

**လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကျင်းပ**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ ရခိုင်ပြည်နယ်မြို့နယ်အသီးသီးမှ ကျောင်းသားလူငယ်များနှင့်ထိတွေ့ကာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ၈၂ ကြိမ်၊ သရုပ်ပြပွဲ/EIM အားကစားလှုပ်ရှားမှု ၁၈၅ ကြိမ်၊ အားကစားပစ္စည်းထောက်ပံ့မှု ၇၈ ကြိမ် ဟောပြောပို့ချ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လျာထားချက်တွင်မူ လူငယ်စကားဝိုင်းများကိုပါ ထည့်သွင်းကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

**အစဉ်အလာကောင်းများနှင့် ရခိုင်အားကစား**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အုပ်စုပွဲစဉ်အချို့ကို ကျွန်တော်ကြည့်ရှုခွင့်ရခဲ့သည်။ ရခိုင်ပြည်နယ်အသင်း၏ ပွဲစဉ်များလည်းပါ၏။ ဖိုင်နယ်သို့ တက်ရောက်လာပြီးနောက် ရှမ်းပြည်နယ်အသင်းနှင့်ဆုံသည်။ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရကာ ပထမဒိုင်းဆုကြီးကို ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခွင့်ရသွားခဲ့ကြသည်။ ရိုးရိုးကားဖြင့် သယ်သွားခြင်းမျိုးမဟုတ်၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ငွေသားကျပ် ၂၅ သိန်းအပြင် စစ်တွေသို့ အပြန်ခရီးစဉ်အတွက် လေယာဉ်စီစဉ်ပေးခဲ့သည်။ အမျိုးသမီး ဘောလုံးအသင်း၏ အိမ်အပြန်ခရီးက ခမ်းနားထည်ဝါနေသလို စစ်တွေလေဆိပ်မှစ၍ ကြိုဆိုနေကြသောမြို့လူထု၏အားပေးလက်ခုပ်သံများကလည်း ဘဝင်သို့ ညံနေပေတော့သည်။ ဘောလုံးအားကစားအမျိုးသမီးလေးများ ပျော်လိုက်မည့်ဖြစ်ခြင်း။ သူတို့လေးများသည် ရခိုင်လူငယ်များအတွက် အတုယူ အားကျစရာဖြစ်သကဲ့သို့ ရခိုင်ပြည်နယ် အားကစားလောကဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစဉ်အလာမှတ်တမ်းကောင်းများ ရေးထိုးခဲ့ကြသည်ဆိုလျှင် မမှားတန်ရာ။

**ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း လက်ထက် နပန်းပြိုင်ပွဲ**

၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း(ယခုပြည်ထောင်စု ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန) လက်ထက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်ပြိုင်ပွဲအဖြစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ နပန်းအဖွဲ့များ ဖိတ်ကြားခေါ်ယူယှဉ်ပြိုင်စေခဲ့သည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲ၏ နည်းစနစ်ကျနမှု၊ သန်မာမှု၊ ဇွဲရှိမှုတို့ကြောင့်လားတော့မသိ၊ ရခိုင်ပြည်နယ် မြို့နယ်အသီးသီးမှ ကျား၊ မ ကျင်သန်များသည် နပန်းပြိုင်ပွဲများတွင် ကီလိုတန်းအလိုက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များစွာဆွတ်ခူးခဲ့ကြောင်း သိရသည်။ ပုဏ္ဏားကျွန်းမြို့နယ်က ဆုရသူအများဆုံးဖြစ်သည်။ မြေပုံ၊ မင်းပြား၊ ကျောက်ဖြူတို့လည်းရကြသည်။ စစ်တွေ၊ အမ်း၊ ကျောက်တော်၊ ဂွမြို့နယ်တို့က တစ်ဦးစီပါဝင်ကြ၏။ နပန်းပြိုင်ပွဲ၏ တံခွန်စိုက်ဆုဖလားကြီးကိုမူ ရခိုင်ပြည်နယ်ကပင် ဆွတ်ခူးရယူသွားသည်။ ၂၀၁၇-၂၀၁၈ ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး နပန်းပြိုင်ပွဲတွင်လည်း ရခိုင်ပြည်နယ်ကပင် တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးခဲ့သည်။


နပန်းပွဲအကြောင်း စဉ်းစားရင်းက ရခိုင်ရိုးရာကျင်ကိုင်ပွဲကို မြင်ယောင်မိသည်။ ရန်ကုန်၌ရှိစဉ် တိုင်းရင်းသားကျေးရွာတွင် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ဦးစီးကျင်းပသည့် ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။ ရှေးရခိုင်ဘုရင်များ လက်ထက်က ကျင်ကိုင်ပွဲတွင် အနိုင်ရသော ကျင်သန်များကို ဘုရင့်ရေတပ်သားအဖြစ် ခန့်အပ်တာဝန်ပေးလေ့ရှိကြောင်း သိရ၏။

**၂၀၂၃-၂၀၂၄ အားကစားနှစ်အတွက် ကြိုတင်ပြင်ဆင်**

၂၀၂၃-၂၀၂၄ ခုနှစ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကျင်းပပြုလုပ်မည့် အားကစားနည်း ၂၃ နည်း၊ အားကစားပြိုင်ပွဲ ၂၅ မျိုးတွင် ရခိုင်ပြည်နယ်အနေဖြင့် အားကစားနည်း ၁၉ နည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ တင်းနစ်နှင့် U-18 ပြေးခုန်ပစ်ပြိုင်ပွဲများကို ကျင်းပပြီးစီးခဲ့ရာ ပြေးခုန်ပစ်တွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ရရှိခဲ့သည်။ ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြို့နယ်အလိုက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ပေးနေသည်။ ထိုအထဲတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးအလေးထား၍ ပြုပြင်စရာရှိသည်များကို ပြုပြင်၊ ပြိုင်စရာရှိသည်များကို ဇွဲ၊ စိတ်ဓာတ်ခိုင်မာစွာဖြင့် သွားရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ရခိုင်ပြည်နယ် အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် ရခိုင်လူငယ်ထု၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်းပင်ဖြစ်၏။ ရှေးရှေးက မြန်မာ့လက်ရွေးစင်ကြီးများ၊ ယနေ့ခေတ် အောင်မြင်နေသော ရခိုင်တိုင်းရင်းသား၊ တိုင်းရင်းသူမျိုးဆက်သစ် အားကစားသမားများကို အတုယူလျက် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်နယ်ဂုဏ်ဆောင် လူငယ်လူရွယ်များစွာ ထပ်မံပေါ်ထွက်မည်ဟု အလေးအနက်ယုံကြည်မိပါသည်။ ။



၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဒိုင်းဆုရ ရခိုင်ပြည်နယ်အသင်း၏ အုပ်ချုပ်သူများနှင့် အားကစားသမားများကို တွေ့ရစဉ်။


(၃၂) ကြိမ်မြောက် ဆီးဂိမ်းတွင် ဂျူဒိုပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရခဲ့သော ခင်ခင်စု။


ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မိုးလုံလေလုံအားကစားခန်းမကြီး။

# အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် ၂၀၂၃ နှင့် ဆက်စပ်အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တက်ရောက်



နေပြည်တော် ဇွန် ၁၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ဇွန် ၁၅ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် ၂၀၂၃ (SPIEF'23) ဒုတိယနေ့ အခမ်းအနားသို့ တက်ရောက်သည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးလွင်ဦးတို့သည် မကွေးတိုင်းဒေသကြီးအတွင်း မင်းလှ(၁၁၆ မဂ္ဂါဝပ်)နှင့် မင်းတုန်း (၅၆ မဂ္ဂါဝပ်) လေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Nova Wind JSC၊ Primus Advanced Technologies Ltd. တို့ ပူးပေါင်းမှု နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) လက်မှတ် ရေးထိုးပွဲ အခမ်းအနားသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်း ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့တွင် ပုပ္ပါး(၂၀၀ မဂ္ဂါဝပ်) လေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Nova Wind JSC ၊ Zeya & Associates Co.,Ltd. တို့ ပူးပေါင်းမှု နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Rosatom ၏ ညွှန်ကြားရေးမှူးချုပ် Mr.Alexey Likhachev နှင့်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Roscongress ၏ CEO Alexander Shatirov နှင့်တွေ့ဆုံ၍ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၆

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ကျောင်းတိုက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရိန္ဒ အမှူးပြုသော ပင့်သံဃာတော် ငါးပါး ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေကြကာ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နှစ်ပတ်လည်အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် စတင် ဖွဲ့စည်းစဉ်ကပင် ဌာန၏ အဓိကလုပ်ငန်း တာဝန်များဖြစ်သည့် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်း ဆိုသည့် လုပ်ငန်းတာဝန် (၃)ရပ်ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယင်းလုပ်ငန်း တာဝန်များကို အကောင်အထည် ဖော်ရာတွင် ခေတ်စနစ်နှင့်အညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အတွက် အဆင့်မြှင့်တင်ခြင်းကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ဌာန ဝန်ထမ်းများသည် နိုင်ငံ၏ မြေပြင်၊ ရေပြင်၊ ဝေဟင်စသည့် နိုင်ငံပိုင်နက်အားလုံးတွင် မည်သူမဆို တရားမဝင် ဝင်/ထွက်သွားလာမှုမရှိစေရေး၊ တရားဝင်ဝင်၊ ထွက်မှု စနစ်တကျဖြစ်စေရေးအတွက် ကြီးကြပ်စစ်ဆေးခွင့်ပြုဆောင်ရွက်ပေးခြင်း၊ နိုင်ငံအတွင်း နေထိုင်သူအားလုံး စနစ်တကျမှတ်ပုံတင်ပြီး နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများ စိစစ်ထုတ်ပေးခွင့်ပြုပေးခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲနိုင်ရန် တိကျမှန်ကန်သည့် လူဦးရေကိန်းဂဏန်း အချက်အလက်များ ရရှိစေရေး အတွက် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံ၏ e-Government စနစ်အတွက် အဓိကအခြေခံအကျဆုံး ဖြစ်သည့် e-ID စနစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်နေသည့် နိုင်ငံ၏တံခါးမှူးများဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းအားလုံးသည် နိုင်ငံနှင့်ပြည်သူအတွက် မဖြစ်မနေ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ဖြစ်ခြင်းကြောင့် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ပေးနိုင်လျှင် အားလုံး၏ ချစ်ကြည်လေးစား၊ အားထားယုံကြည်မှုကို ရရှိခံစားကြရမည် ဖြစ်ပါကြောင်း။

ဌာန၏ ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်း သယ်ဆောင်ရင်း နိုင်ငံနှင့် ပြည်သူကို သစ္စာရှိရှိ အလုပ်အကျွေးပြု ဝန်ဆောင်မှုပေးနိုင်ရန်၊ ဝန်ထမ်းအချင်းချင်း အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ရုံးတက်မှန်ဆု ရရှိကြသည့် ဝန်ထမ်းများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မျိုးသန့်က ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်) တို့တွင် ဖွင့်လှစ်ခဲ့သော သင်တန်းများနှင့်အခြားသော သင်တန်းများ၌ ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများကို လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို အမြဲတမ်းအတွင်းဝန်က ဌာနအလိုက် ကိုယ်စားလှယ် ကျောင်းသား ကျောင်းသူများထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ကံစမ်းမဲဖောက်ပေးခြင်းနှင့် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက ကော်မရှင်၏အဓိကတာဝန်သည် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပေးရန် ဖြစ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲများ၌ အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးမည်ဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပပေးနိုင်ရေး ဆောင်ရွက်ရန်ရှိသည်များကို ကြိုတင်လေ့လာပြင်ဆင်ကြရန်လိုကြောင်း၊ ကော်မရှင်အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများအပေါ် လေ့လာသုံးသပ်ပြီး ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ ရွေးကောက်ပွဲ အတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ခြင်း၊ မဲရုံများလျာထား သတ်မှတ်ခြင်း၊ မဲရုံသုံးပစ္စည်းများ ကြိုတင်တွက်ချက်ခြင်း၊ ဝန်ထမ်းအင်အား ဖြည့်တင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံရုံး အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းသားများ အနေဖြင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွက် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ ပြည်သူလူထုအတွက် မှန်ကန်မျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေး အကောင်းဆုံးကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း အပါအဝင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အတွက်၊ ကော်မရှင်အတွက် အားကိုးအားထားပြုရသည့် လူတော်လူကောင်းများ၊ ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၁၄) ကြိမ်မြောက် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အစိုးရဌာနဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် ဇွန် ၁၆

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် (၁၄) ကြိမ်မြောက်ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အစိုးရဌာနဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းဖြင့် တက်ရောက်သည်။

**ဆွေးနွေး**

ဇွန် ၁၃ ရက်က ကျင်းပသည့် အစည်းအဝေးဒုတိယနေ့ သက်ဆိုင်ရာနိုင်ငံအလိုက် ဆွေးနွေးတင်ပြမှုအစီအစဉ်တွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ပထမစက်ဝန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး အကြံပြုချက်များနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း၏ အနှစ်ချုပ်အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ဇွန် ၁၄ ရက်က ကျင်းပသည့် အစည်းအဝေးတတိယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆောင်ရွက်မှုများနှင့် အလေ့အကျင့်ကောင်းများ ခေါင်းစဉ်အောက်မှ ပါဝင်ဆွေးနွေးခဲ့ရာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် ကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များကို ဖွဲ့စည်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ထားပါကြောင်း၊ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို ရေးဆွဲ၍ အဆိုပါစီမံချက်အပေါ် နှစ်အလိုက်လုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

ဇွန် ၁၅ ရက်ကကျင်းပသည့် အစည်းအဝေးစတုတ္ထနေ့တွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာမီအချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရေးအတွက် မြို့ကြီးများတွင် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကောင်းမွန်သည့်အလေ့အထများ၊ အတွေ့အကြုံများ မျှဝေရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတွင် စာရင်းစစ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ခိုင်မာအားကောင်းရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းလမ်းများ၊ မူဝါဒများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်မှုတို့အပေါ် အကဲဖြတ်ဆန်းစစ်ရေး၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ကြသည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်နှင့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းစိုး၊ ဦးမောင်မောင်တင့်၊ ဦးဝင်းတည်နှင့် ဒေါက်တာထွန်းထွန်းဦးတို့က အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သည့် ကိုယ်စားလှယ်နှစ်ဦးတို့က အစည်းအဝေးခန်းမအတွင်း ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲ ကျင်းပ



မုံရွာ ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဇွန် ၁၅ ရက်တွင် မုံရွာမြို့ မဟာဝိဇ္ဇာ သိပ္ပံကျောင်းတိုက်သို့ ရောက်ရှိနေသည့် ဆားလင်းကြီးမြို့နယ် ကျေးရွာလေးရွာမှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**တက်ရောက်**

ဆက်လက်၍ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လုံခြုံရေးကိစ္စရပ်များအား လိုအပ်ချက်များ မရှိအောင် တာဝန်ရှိသူများနှင့် ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင်ပြည်သူများထံ ဆန်ရိက္ခာဖိုးငွေ၊ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မိသားစုသုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ဆားလင်းကြီးမြို့နယ် ကျေးရွာ လေးရွာမှ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၇၇ စု၊ လူဦးရေ ၂၅၃ ဦးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ စုစုပေါင်း တန်ဖိုးငွေ ၄၈၂၅၆၆၆ ကျပ်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး ငွေကျပ် ၅၃၁၃၀၀ နှင့် Family Kits ၇၇ ထုပ်အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း ဖွင့်လှစ်



ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) တို့ပူးပေါင်း၍သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းကို ဇွန် ၁၅ ရက်နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်) လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌကပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်စာကြည့်တိုက်များအတွက် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများ၊ မီဒီယာကျင့်ဝတ်စာအုပ်များကိုလှူဒါန်းသည်။

သင်တန်းတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က "သတင်းအမှန်ပြည်သူ့ထံ"၊ အတွင်းရေးမှူးဦးအောင်ပြည့်စုံကသတင်းအမှား၊ သတင်းအမှန်သုံးသပ်ခြင်း၊ သတင်းမီဒီယာကောင်စီစာရင်းစစ်မှူး ကောင်စီဝင် ဒေါ်မြင့်မြင့်သိန်းက"သတင်းမီဒီယာသမားများ သိထားသင့်သည့် ဥပဒေများအကြောင်း"၊ သတင်းမီဒီယာကောင်စီဝင် ဒေါ်ခင်သန်းနွဲ့(မမလားရှိုး)က "ဦးနှောက်နှင့်သာ သတင်းရေးပါ"၊ ကောင်စီဝင် ဦးနေလင်း(မောင်ချိုဝေ)က "အသုံးချသတင်းစာပညာ"၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက "ဝေါဟာရရှင်းလင်းချက်"၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းပညာအကြံပေး ဦးဌေးလင်းက"Social Media" များ၏ အခန်းကဏ္ဍနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးအေးသိမ့်က "သတင်းမီဒီယာသမားများလိုက်နာရမည့်တာဝန်နှင့်ကျင့်ဝတ်များ"ကို ဆွေးနွေးပို့ချကြသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိမြို့နယ် ကိုးမြို့နယ်မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် သတင်းမီဒီယာသမားများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

မြန်မာ့တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်တို့ အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်ရည်ရွယ်ပြီး အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ် အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RTAF Air Working Group Meeting)ကို ဇွန် ၁၂ ရက်မှ ယနေ့အထိ နေပြည်တော်ရှိ Aureum Palace Hotel ၌ ကျင်းပခဲ့သည်။




အဆိုပါ ထိုင်းဘုရင့်လေတပ်မှ Air Marshal Kidkuan Sadub ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ညနေပိုင်းတွင် နှစ်နိုင်ငံလေတပ်များမှ အစည်းအဝေးကျင်းပရေး အတွင်းရေးမှူး အဖွဲ့များအကြား အကြိုညှိနှိုင်း အစည်းအဝေးကို နေပြည်တော်ရှိ Aureum Palace Hotel အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဇွန် ၁၃ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ရာ နှစ်နိုင်ငံ လေတပ် အစည်းအဝေး သဘာပတိများ ဖြစ်ကြသည့် မြန်မာ့တပ်မတော် (လေ)မှ စစ်ဦးစီး အရာရှိချုပ်(လေ) နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Kidkuan Sadub တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် အစည်းအဝေး ဆုံးဖြတ်ချက်များအား အတည်ပြုလက်မှတ်ရေးထိုးကြကာ နှစ်နိုင်ငံ လေတပ်မှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် လဲလှယ်ခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညနေပိုင်းတွင် မြန်မာ့တပ်မတော်(လေ)က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့ပြင် ဇွန် ၁၄ ရက်တွင် ထိုင်းဘုရင့် လေတပ်ကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားနှင့် ဆူးလေစေတီတော်တို့သို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံရုံးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တပ်မတော်(လေ)မှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြသည်။

ယနေ့တွင် အဆိုပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြည်ပလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ) မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့် အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ခုနစ်ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ခုနစ်ပါတီ အနက် **အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ** (NIDP)က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၇၃၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၂) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၆၈,၂၇၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၉၀၅) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၈၇၇) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# သထုံမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**သထုံ ဇွန် ၁၆**

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့ မွန်းလွဲပိုင်းက သိမ်ကုန်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း (ဦးဖြူ)၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး အန္တရာယ်သတိပြုကာကွယ်ရေး ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား စိုက်ပျိုးမြေနှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်



**ပင်လောင်း ဇွန် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား စိုက်ပျိုးရာသီအတွက် သီးနှံများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးမြေနှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ဘက်စုံသုံးခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးတင့်ဇော်ထက်က အမှာစကားပြောကြားသည်။

ထိုသို့ထောက်ပံ့ပေးရာတွင် ယာယီတိုက်ပွဲရှောင်ပြည်သူများ သီးနှံစိုက်ပျိုးမှု အဆင်ပြေစေရန်အတွက် စပါးစိုက်ပျိုးမည့် တောင်သူများအား အိမ်ထောင်စုနှစ်စုလျှင် စိုက်ပျိုးမြေနေရာ တစ်ဧကနှုန်း၊ မိုးပုလဲမြေသြဇာတစ်အိတ်နှင့် ဆင်သီးစုံမြေသြဇာ တစ်အိတ်၊ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် တောင်သူများကို အိမ်ထောင်စု လေးစုလျှင် စိုက်ပျိုးမြေနေရာ တစ်ဧကနှုန်း၊ မိုးပုလဲမြေသြဇာ တစ်အိတ်နှင့် ဆင်သီးစုံမြေသြဇာ တစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး စုစုပေါင်း အိမ်ထောင်စု ၃၀၀ စုအတွက် ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အွန်လိုင်းမှာထိုးနိုင်ပြီ အောင်ဘာလေထီ

**ဝေယံမောင်**



**အောင်ဘာလေ**
**အွန်လိုင်း သိန်းဆု ထီစနစ်**

ယုံယုံကြည်ကြည် ထီထိုးသူများတွင် ကျွန်တော်လည်းပါပါသည်။ ထိုးသလောက်လည်း ပေါက်ခဲ့သည်ကိုး။ ဒီလိုပေါက်လို့လည်း ပုံမှန်နီးပါး ထိုးဖြစ်နေသည်။ ထီဆု ကြီးသည်၊ သေးသည်ထက် ကိုယ့်ကံကို စမ်းသပ်ခြင်းဟု မှတ်ယူပါသည်။ သို့သော် ကျွန်တော့်အားနည်းချက်က ထီကို ထိုးရုံသာ၊ အားထည့်ပြီး တိုက်လေ့တိုက်ထမရှိပါ။ ပေါက်ခဲ့သည့် ၁၅ ကြိမ်လုံးသည် ထီဆိုင်၊ မိသားစုက အကြောင်းကြား၍ သိရခြင်းသာဖြစ်သည်။ အခုတော့ ဒီပြဿနာတွေ ပြေလည်ပါပြီ။

ရေး စိတ်အေးရသည် စသဖြင့် ငွေကြေးသည် ဘဝတွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ဖြူစင်သောငွေကြေးဖြင့် ဘဝတက်လမ်းတည်ဆောက်သွားသူရှိသလို သမ္မာအာဇီဝနည်းလမ်းဖြင့် မဟုတ်သော ငွေကြေးများကြောင့်ပင် ဘဝပျက်သွားသူများလည်းရှိကြသည်။

ဘေးအန္တရာယ်ကင်းစွာဖြင့် ကြီးပွားချမ်းသာမှုကို ထိထိရောက်ရောက် အထောက်အကူပြုနိုင်သည်များတွင် ထီဆုကြီးပေါက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အောင်ဘာလေထီသည် တစ်ခုဖြစ်ပါ၏။

**မီဒီယာများတွင် အသိပေးလျက်ရှိရာ**

အွန်လိုင်းအောင်ဘာလေသိန်းထီကို ယခု ၂၀၂၃ ခုနှစ် ဇွန်လ ၈ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ထီထိုးသူများ လွယ်ကူစေရန် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်၊ ပေးနိုင်သော ဝန်ဆောင်မှုများ၊ မရှင်းလင်းပါက စုံစမ်းရန် ဖုန်းနံပါတ်များဖြင့် မီဒီယာများတွင် တွင်တွင်ကျယ်ကျယ် အသိပေးလျက်ရှိရာ အလွယ်တကူ သိရှိလုပ်ဆောင်နိုင်နေပြီဖြစ်သည်။


**ထီလက်မှတ် ဝယ်ယူခြင်း**
•••
● **အဆင့် ၁: လက်မှတ်ဝယ်ယူခြင်း**

- လမကုန်မီ (၂)ရက်အလိုထိ ထီလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူနိုင်ပါသည်။
- လက်မှတ်ဝယ်ရန်/ BUY TICKET ကို နှိပ်ပါ။



**ထီလက်မှတ် ဝယ်ယူခြင်း**
•••
● **အဆင့် ၂: ထီလက်မှတ်များ ရွေးချယ်ခြင်း**

- ကြိုက်နှစ်သက်ရာ ရှေ့အက္ခရာနှင့် နံပါတ်အား ရှာဖွေရွေးချယ်ခြင်း
- ကြိုက်နှစ်သက်ရာ နံပါတ်အား Search Box မှ ရွေးချယ်ခြင်း
- System မှ အလိုအလျောက်ထုတ်ပေးသော နံပါတ်အား Random ရွေးချယ်ခြင်း
- System မှ အလိုအလျောက်ထုတ်ပေးသော ၃စောင်တွဲ / ၅ စောင်တွဲ / ၁၀ စောင်တွဲအား Random ရွေးချယ်ခြင်း တို့ဖြစ်ပါသည်။



**ထီဆုငွေကို လွယ်လင့်တကူထုတ်ယူနိုင်**

လူတိုင်းနီးပါး မိုဘိုင်းတယ်လီဖုန်းကိုင်နေသည့် ခေတ်ကြီးတွင် ကိုယ့်ဖုန်းနံပါတ်နှင့် ကိုယ့်ဖုန်းကို အသုံးပြုပြီး ကိုယ့်စိတ်ကြိုက်ဂဏန်းကို ကိုယ့်စိတ်ကြိုက်အက္ခရာနှင့် ရွေးချယ်နိုင်သည့် အခွင့်အလမ်း၊ ဘယ်ကိုမှ သွားရန်မလို ဘယ်သူ့ကိုမှ ထီထိုးခိုင်းရန်မလိုဘဲ အချိန်အခါမရွေး၊ နေရာဒေသမရွေး ထိုးနိုင်သည့်အခွင့်အရေး၊ ထီတိုက်စရာမလို ပေါက်သည်ကို အကြောင်းကြားပေးမှုအပါအဝင် ထီဆုငွေကို လွယ်လင့်တကူ ထုတ်ယူနိုင်သည့်ဝန်ဆောင်မှုတို့က ကျွန်တော့်အတွက် နှစ်သက်ကြည်နူးစရာဖြစ်သည်။ ထီဝါသနာအိုးအများစုလည်း ဤနည်းနှင်နှင် ဖြစ်ပါလိမ့်မည်။

လူတိုင်းက ကြီးပွားချင်ကြသည်၊ ချမ်းသာချင်ကြသည်။ စားဝတ်နေမှု ချောင်လည်လိုကြသည်။ ဤသည်ကို ဖန်တီးနိုင်သည်က ငွေကြေးမဟုတ်ပါလော။ ကျွန်တော်တို့ နေ့စဉ်နှင့်အမျှ အလုပ်ကိုယ်စီ လုပ်ကိုင်နေရခြင်းသည် စားဝတ်နေရေးအတွက် ငွေကြေးရှာဖွေနေရခြင်းဖြစ်သည်။ ငွေလိုအပ်သည်၊ ငွေလိုချင်သည် ၊ ငွေရှိလျှင် ကိုယ်အလိုရှိသည်များကို ဆောင်ရွက်နိုင်သည်၊ ငွေကြေးဖူလုံလျှင် ဘဝနောင်

အစိုးရက တရားဝင်ဖွင့်လှစ်ရောင်းချခြင်းဖြစ်သဖြင့် ဥပဒေနှင့်မညီမှာ ပူစရာမလို၊ ထီရောင်းချငွေမှ သတ်မှတ်သည့်ရာခိုင်နှုန်းကို နိုင်ငံ့အခွန်ဘဏ္ဍာအဖြစ် သတ်မှတ်၍ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး စသည်တို့တွင် အသုံးပြုခြင်းဖြစ်သဖြင့် ထီမပေါက်လျှင်တောင် လှူဒါန်းမှုတစ်ခုအဖြစ် ကြည်နူးနိုင်ပါသေးသည်။ ထီပေါက်၍ ဖြစ်တည်လာသော ပိုင်ဆိုင်မှုများအပေါ် စိုးရိမ်ကြောင့်ကြမှု မရှိရခြင်းသည်လည်း ရင်လေးစရာမလိုသည့် ဘဝင်အေးစရာ

"လုံထမ်းလာတာ မြင်ရသည်၊ ကံထမ်းလာတာ မမြင်ရ"ဟု ဆိုရိုးစကားရှိသည်။ ကျွန်တော်ကတော့ ဒီဆိုရိုးလေးကို ပြင်လိုက်ချင်သည်။ လုံထမ်းလာတာလည်း မြင်ရသလို အောင်ဘာလေထီဖြင့် ကံထမ်းလာသည်ကိုလည်း တွေ့နေရပါပြီ။ ဒါကြောင့်လည်း ချစ်ဆွေတို့ကို လက်တို့ အသိပေးလိုက်ပါသည်-

**"အွန်လိုင်းမှာ အလွယ်တကူ ထိုးနိုင်ပြီ**
**အောင်ဘာလေထီ**
**ကိုယ်ထိုးမှ ကိုယ်ရမည် အောင်ဘာလေထီ"။ ။**

**❝ကိုယ့်ဖုန်းနံပါတ်နှင့် ကိုယ့်ဖုန်းကို အသုံးပြုပြီး ကိုယ့်စိတ်ကြိုက်ဂဏန်းကို ကိုယ့်စိတ်ကြိုက်အက္ခရာနှင့် ရွေးချယ်နိုင်သည့် အခွင့်အလမ်း၊ ဘယ်ကိုမှ သွားရန်မလို ဘယ်သူ့ကိုမှ ထီထိုးခိုင်းရန်မလိုဘဲ အချိန်အခါမရွေး၊ နေရာဒေသမရွေး ထိုးနိုင်သည့် အခွင့်အရေး၊ ထီတိုက်စရာမလို ပေါက်သည်ကို အကြောင်းကြားပေးမှုအပါအဝင် ထီဆုငွေကို လွယ်လင့်တကူ ထုတ်ယူနိုင်သည့် ဝန်ဆောင်မှုတို့က ကျွန်တော့်အတွက် နှစ်သက်ကြည်နူးစရာဖြစ်❞**

**ထီလက်မှတ် ဝယ်ယူခြင်း**
•••
● **အဆင့် ၃: အတည်ပြုပြီး ငွေပေးချေခြင်း**

ငွေပေးချေရန် မိမိနှစ်သက်ရာ ဝန်ဆောင်မှု တစ်ခုခုကို ရွေးချယ်ပါ။





မကြာမီ ငွေပေးချေမှု နည်းလမ်း ပြောက်မြားစွာ ရှိလာဦးမည်။



**ထီလက်မှတ် ဝယ်ယူခြင်း**
•••
● **အဆင့် ၄: ထီလက်မှတ်ဝယ်ယူမှု ပြီးမြောက်ခြင်း**

ငွေပေးချေပြီးပါက ဝယ်ယူမှုအောင်မြင်ကြောင်း SMS ရရှိမည် ဖြစ်ပါသည်။






## ဉာဏ်ရည်တုနည်းပညာသုံးလုပ်ငန်းများအတွက် တင်းကြပ်သည့် စည်းမျဉ်းများသတ်မှတ်ရန် ဥရောပသမဂ္ဂဥပဒေပြုအမတ်များသဘောတူညီ

**နယူးယောက် ဇွန် ၁၆**

ChatGPT ကဲ့သို့သော ဉာဏ်ရည်တု နည်းပညာသုံးလုပ်ငန်းများအတွက် တင်းကြပ်သည့် စည်းမျဉ်းများ သတ်မှတ်ရန် ဥရောပသမဂ္ဂ ဥပဒေပြုအမတ်များက သဘောတူညီခဲ့သည်။

ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဥပဒေမူကြမ်းတွင် စည်းမျဉ်းများထပ်မံဖြည့်စွက်ရေးအတွက် ဇွန် ၁၄ရက်တွင် ဥရောပပါလီမန်တွင် သဘောတူညီခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်က ဥရောပကော်မရှင်မှ တင်သွင်းသည့် ဉာဏ်ရည်တုနည်းပညာဥပဒေမူကြမ်းတွင် ဉာဏ်ရည်တုနည်းပညာကြောင့် ဖြစ်လာနိုင်သည့်ဆုံးရှုံးမှုများကို ကန့်သတ်နိုင်ရန် တိကျသည့် ပြဋ္ဌာန်းချက်မရှိကြောင်း သိရသည်။

ယခု နောက်ဆုံးသတ်မှတ်ခဲ့သည့် ဉာဏ်ရည်တုနည်းပညာဥပဒေမူကြမ်းတွင် ဉာဏ်ရည်တုနည်းပညာဖြင့် ဖန်တီးသည့် စာသားများ၊ ရုပ်ပုံများနှင့် အသံဖိုင်များအား ရှင်းလင်းစွာဖော်ပြရန်နှင့် မူပိုင်ခွင့်အရတားမြစ်ထားသည့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အချက်အလက်များကို အသုံးပြုက အသိပေးရန် ပြဋ္ဌာန်းထားသည်။ ၎င်းဥပဒေမူကြမ်းကို ယခုနှစ်ကုန်ပိုင်းတွင်အတည်ပြုသွားမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**




## အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်သို့ ဆိုင်ကလုန်းမုန်တိုင်းဘိုင်ပါဂျွိုင်း ဝင်ရောက်တိုက်ခတ်

**နယူးဒေလီ ဇွန် ၁၆**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်သို့ ဆိုင်ကလုန်းမုန်တိုင်းဘိုင်ပါဂျွိုင်း ယမန်နေ့က ဝင်ရောက်တိုက်ခတ်ခဲ့ရာလက်ရှိအချိန်အထိ အနည်းဆုံး နှစ်ဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းမုန်တိုင်းဝင်ရောက်နေစဉ် လေပြင်းထန်စွာ တိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲကာ တယ်လီဖုန်း တာဝါတိုင်များ ပျက်စီးခဲ့သည်။ ဓာတ်တိုင်များ လဲကျမှုကြောင့် ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီးပြတ်တောက်မှုများကြုံတွေ့ခဲ့ကာ လမ်းမများတွင် ရေလွှမ်းမိုးမှုများဖြစ်ခဲ့ သည်။

အဆိုပါ မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း ကျွဲနွားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေး



သူနှစ်ဦး ရေထဲမျောပါကာ သေဆုံးခဲ့သည်။ ပြည်နယ်အစိုးရသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆေးအဖွဲ့များကို အခင်းဖြစ်ရာနေရာသို့ စေလွှတ်ခဲ့သည်။

လက်ရှိအချိန်တွင်ကမ်းရိုးတန်းဒေသမှ ဒေသခံ ၉၄၀၀၀အား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့သည်။ အိမ်နီးချင်းပါကစ္စတန်နိုင်ငံတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုများရှိသဖြင့် သတိပြုနေထိုင်ကြရန် ဒေသခံများအား တာဝန်ရှိသူများက ပြောကြားသည်။**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့်ပစ်ခတ်ခဲ့သည့် တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၆

ဇွန် ၁၂ ရက် ညနေပိုင်းတွင် လယ်ဝေးမြို့မရဲစခန်းအား (စိစစ်ဆဲ) ကျားနှစ်ဦးက လက်ပစ်ဗုံးဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး ယင်းနေ့ ညပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဉာဏအောင်မြေလမ်း MICC–II ဂိတ်(၂)ဝင်ပေါက်အား (စိစစ်ဆဲ)ကျား သုံးဦးတို့က လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး အချိန်နှင့်တစ်ပြေးညီ နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကိုလိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့်ပစ်ခတ်သွားသည့် တရားခံ **သက်နိုင်**နှင့် အငှားယာဉ်မောင်း **ရန်နိုင်ထွန်း** တို့အား ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးအနီးရှိ “ရွက်သစ်” လက်ဖက်ရည်ဆိုင်၌ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံ **သက်နိုင်**၏ ထွက်ဆိုချက်အရ ယင်းနေ့ နေ့လယ်ပိုင်းတွင် တရားခံ **ရဲနိုင်**နှင့် အငှားယာဉ်မောင်း **အိုင်ဖော့(ခ)ရန်နိုင်ဦး**တို့အား လိပ်သိုမြို့အဝင် စစ်ဆေးရေးဂိတ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံလေးဦးတို့အား ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့် ရာဇဝတ်ဘေးပြေးမလွတ်ဆိုသည့်အတိုင်း ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **သက်နိုင်**နှင့် **ရဲနိုင်**တို့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကြံ့ရာကျပန်းလုပ်ကိုင်နေသူများဖြစ်ပြီး တရားခံပြေး **ရှမ်းလေး**၏ ချိတ်ဆက်ပေးမှုဖြင့် စစ်တောင်းမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် တရားခံပြေး **ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်း**နှင့် ရင်းနှီးခဲ့ကြောင်း၊ တရားခံပြေး **ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်း**က နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကူညီပါဝင်ဆောင်ရွက်ပေးရန်နှင့် ငွေကြေးထောက်ပံ့ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့သဖြင့် ၎င်းတို့နှစ်ဦးက ငွေကြေးရယူလိုမှုဖြင့် သဘောတူလက်ခံခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၁၀ ရက်တွင် တရားခံပြေး **ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်း**က MICC–II နှင့် လယ်ဝေးမြို့မရဲစခန်းတို့အား ပစ်ခတ်ဖောက်ခွဲရန် လက်ပစ်ဗုံးနှစ်လုံးအား ပေးခဲ့သဖြင့် **သက်နိုင်၊ ရဲနိုင်** နှင့် တရားခံပြေး **အသေးလေး**တို့က ကယားပြည်နယ် ပဆေးလာကျေးရွာသို့ သွားရောက်ယူဆောင်ခဲ့ကြောင်း၊ ၎င်းနောက် ဇွန် ၁၁ ရက်တွင် လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂)ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့်ပစ်ခတ်ရန် **သက်နိုင်၊ ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့က နှစ်ကြိမ်သွားရောက်၍ အခြေအနေကြည့်ရှုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၁၂ ရက် ညနေပိုင်းတွင် တရားခံပြေး **ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်း**၏ စေခိုင်းမှုဖြင့် **သက်နိုင်၊ ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့ သုံးဦးသည် လက်ပစ်ဗုံးနှစ်လုံးအား ယူဆောင်၍ ဆိုင်ကယ်နှစ်စီးဖြင့် လယ်ဝေးမြို့မရဲစခန်းသို့ ပစ်ခတ်ဖောက်ခွဲရန် သွားရောက်ခဲ့ပြီး တရားခံပြေး **အသေးလေး**က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေအား စောင့်ကြည့်၍ **သက်နိုင်**နှင့် **ရဲနိုင်**တို့နှစ်ဦးက လယ်ဝေးမြို့မရဲစခန်းအား လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ယင်းနေ့ညပိုင်းတွင် **သက်နိုင်၊ ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့ သုံးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် MICC–II သို့ သွားရောက်ခဲ့ပြီး **ရဲနိုင်**က အခြေအနေကြည့်ရှုပေးကာ တရားခံပြေး **အသေးလေး** နှင့် **သက်နိုင်**တို့နှစ်ဦးက MICC–II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲမှုများအတွက် တရားခံပြေး **ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်း**က တစ်ဦးလျှင် ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး ပိုက်စိပ်တိုက်စစ်ဆေးရှာဖွေဖမ်းဆီးမှုများ လုပ်ဆောင်နေမှုကြောင့် မနေရဲတော့ဘဲ ကယားပြည်နယ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ရန် လုပ်ဆောင်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

**လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား ၁၀ နာရီအတွင်း ဖမ်းဆီးရမိ**



သက်နိုင်
(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ)




ရဲနိုင်
(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ)



ရန်နိုင်ထွန်း
(အငှားယာဉ်မောင်း)



အိုင်ဖော့(ခ)ရန်နိုင်ဦး
(အငှားယာဉ်မောင်း)



လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့်ပစ်ခတ်သည့် ဖြစ်စဉ်မှ တရားခံနှစ်ဦး၏ CCTV မှတ်တမ်းဓာတ်ပုံ။



တရားခံများ စီးနင်းသည့် ဆိုင်ကယ်မှတ်တမ်းဓာတ်ပုံ။



၁၂-၆-၂၀၂၃ ရက်တွင် လယ်ဝေးမြို့မရဲစခန်းရှေ့တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံရမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။ ဦးကျော်ရဲလူ (မစိုးရိမ်ရ)








လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂) ဝင်/ထွက်ပေါက်အား လက်ပစ်ဗုံးဖြင့်ပစ်ခတ်သည့်ဖြစ်စဉ်မှ တရားခံဝတ်ဆင်ခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





၁၂-၆-၂၀၂၃ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဉာဏအောင်မြေလမ်း MICC–II ဂိတ်(၂)ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

# မိုခါမုန်တိုင်းဒဏ်သင့် ဦးရာဇ်တော်ဓာတ်စေတီ ဓာတ်လှေကားပြန်လည်ပြုပြင်ရေး အလှူငွေပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်ခြင်း

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ မြတ်စွာဘုရား၏ ဦးရာဇ်တော်ဓာတ်ဌာပနာတည်ထားကိုးကွယ်ရာ ရှေးဟောင်းသမိုင်းဝင် ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီး၏ဓာတ်လှေကားကို ၂၀၁၉ ခုနှစ်တွင် ကုန်ကျငွေကျပ် ( ၆၄၃ ဒသမ ၉ ) သန်းဖြင့် တည်ဆောက်တပ်ဆင်ပြီးစီးခဲ့ပါသည်။ ဓာတ်လှေကား၏အမြင့်မှာ ၁၃၈ ပေ ၆ လက်မဖြစ်ပြီး လျှောက်လမ်းအရှည် ၁၉၉ ပေ ၆ လက်မ၊ လျှောက်လမ်းအကျယ် ၁၂ ပေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ဓာတ်လှေကားအိမ်အကာ တပ်ဆင်ခြင်းလုပ်ငန်းတန်ဖိုးမှာ ငွေကျပ် ( ၄၆ ဒသမ ၁၁ )သန်း ဖြစ်သည်။ ၁၄-၅-၂၀၂၃ ရက်နေ့ကတိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်လှေကားစက် မပျက်စီးသော်လည်း ဓာတ်လှေကားအိမ်အကာ ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ ဓာတ်လှေကားအိမ်အကာ အမြန်ပြန်လည်တပ်ဆင်ခြင်းမပြုပါက မိုးရာသီအတွင်း ဓာတ်လှေကားစက်ပါထိခိုက်လာနိုင်ကြောင်းသိရှိရပါသည်။ သို့ပါ၍ ဘုရားဖူးပြည်သူများ အခက်အခဲမရှိလွယ်လင့်တကူ ဖူးမြော်နိုင်ရန် ဓာတ်လှေကားပြန်လည်အသုံးပြုနိုင်ရေးအတွက် အကာနှင့်ဖရိန်ဖိုးအပါအဝင် ဓာတ်လှေကားအိမ်အကာ ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေကျပ်-၇၀၀၀၀၀၀၀/- (ငွေကျပ်သိန်းခုနစ်ရာတိတိ)အတွက် စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းငွေများ ပါဝင်ကုသိုလ်ပြုနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးသိန်းဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် (သာသနာရေး)သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော် ၀၆၇-၃၄၀၃၄၅၆
၂။ ဦးမျိုးညွန့်အောင်၊ ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန၊ နေပြည်တော် ၀၆၇-၃၄၀၆၀၀၄
၃။ ဦးစိန်မြင့်၊ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စစ်တွေမြို့ ၀၉-၄၀၀၆၈၅၃၅၀
၄။ ဦးထွန်းမြင့်ဦး၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်သာသနာရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ၀၉-၂၀၄၂၀၈၅
၅။ ဦးမောင်စံဝင်း၊ ဥက္ကဋ္ဌ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၊ ပုဏ္ဏားကျွန်းမြို့နယ် ၀၉-၄၂၁၇၂၁၅၀၇
၆။ ဦးမောင်ကျော်အေး၊ ဥက္ကဋ္ဌ၊ ဦးရာဇ်တော် ဓာတ်စေတီတော် ဂေါပကအဖွဲ့၊ ပုဏ္ဏားကျွန်းမြို့နယ် ၀၉-၂၅၈၅၃၄၂၀၂

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒုတိယအကြိမ် အခမဲ့ သီတဂူစက္ခုဒါနအလှူတော်ပြုလုပ်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်သြဝါဒါစရိယ သောဠသမဣွေကျင် သာသနာတော်ပိုင် သီတဂူ ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အရှင်သူမြတ်က မေတ္တာစေတနာ ကရုဏာများစွာဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များကို သီတဂူ နယ်လှည့်စက္ခုဒါနအဖွဲ့မှ မျက်စိအထူးကုဆရာဝန်များနှင့် အဖွဲ့ဝင်များက ဒုတိယအကြိမ် အခမဲ့ မျက်စိ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများကို ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ စမ်းသပ်စစ်ဆေးပေးခြင်းများ ပြုလုပ်ပေးခဲ့ရာ မျက်စိဝေဒနာရှင် ၁၄၀၅ ဦးအား စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သူ မျက်စိဝေဒနာရှင် ၃၀၀ ခန့်အနက်မှ ယနေ့အထိ ၂၅၆ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ လာရောက်ကုသသည့် မျက်စိဝေဒနာရှင်များနှင့် မိသားစုဝင်များ၏ နေထိုင်စားသောက်ရေးကို စီစဉ်ဆောင်ရွက်ပေးထားပြီး ဒုတိယအကြိမ်အဖြစ် မျက်စိခွဲစိတ်ကုသခြင်းများကို ဇွန် ၁၈ ရက်အထိ ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် သီတဂူစက္ခုဒါနအလှူတော်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း တတိယအကြိမ် ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

# ပျော်ဘွယ်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်ရရှိရေး ကွင်းသရုပ်ပြပွဲကျင်းပ

ပျော်ဘွယ် ဇွန် ၁၆

ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ အထူးအထွက်တိုးဇုန် ပန်းတိုင်အထွက်ရရှိရေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်အောင်ကျေးရွာအုပ်စု ပင်းစုကျေးရွာ ကွင်းအမှတ်(၇၆၇) ဝါသီးနှံစိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဒုတိယတိုင်းဦးစီးမှူး ဦးမင်းကြည်တို့က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးမင်းကြည်၊ ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မကွေးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးငွေဆန်းနှင့် တာဝန်ရှိသူများက သီးနှံမျိုးစေ့များကိုအခမဲ့ပေးအပ်ရာ တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၅ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၅ | ၂၇၀၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၀ | ၂၂၀၀ | ၂၂၂၅ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၅ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၇၅ | ၂၁၁၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၈၅ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၇၅ | ၂၁၁၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၈၅ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၂ |
| 95 Ron | ၂၀၃၃ | ၂၁၀၇ |
| HSD (500 ppm) | ၁၈၈၈ | ၁၉၅၆ |
| HSD (50 ppm) | ၁၉၆၂ | ၂၀၃၁ |
| HSD (10 ppm) | ၁၉၆၂ | ၂၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မိုင်းပျဉ်းမြို့ သစ္စာလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

မိုင်းပျဉ်း ဇွန် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးဌာနမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် ပိန်းဆန်းရပ်ကွက်အတွင်းရှိ သစ္စာလမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပိန်းဆန်းရပ်ကွက်အတွင်းရှိ သစ္စာလမ်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွက် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၈၇ သိန်းဖြင့် လမ်းအရှည်ပေ ၃၆၀၊ အကျယ် ၁၀ ပေနှင့် ဒုခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းနွံမောင်က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးကျော်ကျော်ဦးက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြန်မာအသင်း ခြေစမ်းပွဲတွင် တရုတ်ကိုရှုံးနိမ့်



**ရန်ကုန် ဇွန် ၁၆**

နိုင်ငံတကာ ရက်သတ္တပတ်အဖြစ် တရုတ်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၁၆ ရက်က တရုတ်နိုင်ငံ ဒါလီယန်မြို့၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ တရုတ်လက်ရွေးစင်အသင်းက လေးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှအင်အားကြီး တရုတ်အသင်းနှင့် ခြေစမ်းကစားခြင်းဖြစ်ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးလိုက်ရပြီး အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် တရုတ်အသင်းသည် ၂၀၁၉ ခုနှစ်နောက်ပိုင်း ခြေစမ်းပွဲ ပြန်လည်ကစားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ဖြိုး(ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ဟိန်းဇေယျာလင်း၊ သီဟထက်အောင်၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ရန်နိုင်ဦး၊ စည်သူအောင်၊ မောင်မောင်လွင်နှင့် သန်းပိုင်တို့ ပါဝင်ကစားခဲ့သည်။

မြန်မာအသင်းသည် တရုတ်အသင်းတိုက်စစ်ကို မိနစ် ၂၀ ကျော်အထိ တောင့်ခံနိုင်ခဲ့ပြီး ၂၉ မိနစ်မှ ဂိုးပေးလိုက်ရခြင်းဖြစ်သည်။ တရုတ်အသင်းအတွက် အဖွင့်ဂိုးကို အယ်လ်ကီဆန်က သွင်းယူပြီး ၃၅ မိနစ်တွင် လိုင်မင်လင်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲခဲ့ပြီး တရုတ်အသင်းအတွက် အနိုင်ဂိုးများကို ဝူလီက ၇၅၊ ၈၁ မိနစ်တွင် သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဇွန် ၁၉ ရက်တွင် မကာအိုလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

## **ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏** MRTV DTH Platform (Direct to Home)**စနစ်တွင်** DTH Free to Air **ရုပ်သံလိုင်း ထည့်သွင်းထုတ်လွှင့်ခြင်း လုပ်ငန်းဆောင်ရွက်ရန်** Expression of Interest (EOI) **အဆိုပြုလွှာအောင်မြင်သူများအား** Request For Proposal (RFP) **တင်သွင်းရန် ဖိတ်ခေါ်ခြင်း**

၁။ နိုင်ငံတော်၏ ပုဂ္ဂလိကမီဒီယာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ MRTV DTH Platform (Direct to Home)စနစ်တွင် Standard Definition(SD)နှင့် High Definition (HD) ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်ခြင်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သဖြင့် ဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား Expression of Interest(EOI) တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ရာ EOI အဆိုပြုလွှာ တင်သွင်းခဲ့ကြပြီးဖြစ်ပါသည်။

၂။ EOI အဆိုပြုလွှာတင်သွင်းခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ပါအဆိုပြုချက်များပါဝင်သည့် Request For Proposal(RFP)အား (၃၀-၆-၂၀၂၃)၊ သောကြာနေ့ နောက်ဆုံးထား၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)၊ ဖုန်း ၀၆၇-၈၀၇၉၁၉၃ ၊ ၀၆၇-၈၀၇၉၀၈၇၊ ၀၆၇-၈၀၇၉၃၉၅၊ Email- kyawnyar193mrtv@gmail.com တို့သို့ (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ Email မှဖြစ်စေ ဆက်သွယ်ပေးပို့ရမည်ဖြစ်ပါသည်-

(က) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး ဖန်တီးမှုဆိုင်ရာအဆိုပြုချက် ( Creativity / Content Production Capability)

( ခ ) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး စီးပွားရေးဆိုင်ရာအဆိုပြုချက် ( Commercial Capability)

( ဂ ) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး နည်းပညာဆိုင်ရာအကြံပြုချက် (Engineering Technical Capability)

(ဃ) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး မီဒီယာအဖွဲ့အစည်းဆိုင်ရာအဆိုပြုချက် (Professional Media Organizational Capability)

( င ) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး ပြည်သူ့မီဒီယာအကျိုးပြုဆိုင်ရာအဆိုပြုချက် (Public Service Media)

၃။ Request For Proposal (RFP)အဆင့် တင်သွင်းလာသည့် အချက်အလက်များအပေါ်မူတည်၍ ရုပ်သံထည့်သွင်းထုတ်လွှင့်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**MRTV DTH Platform (Direct to Home) စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းပြသခွင့်ပြုနိုင်ရန် စိစစ်ရွေးချယ်ရေးကော်မတီ**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက OLD STAR FC အသင်း ကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



OLD STAR FC အသင်းနှင့် MUSIC FC အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**❍ မိုခါမုန်တိုင်းမှ**

သာထက်၊ မင်းခန့်ကျော်၊ အိမ်အိမ်း၊ အိစိကွေး၊ ဖိုးညဏ်၊ နေဇာန်၊ နေသူရိန်၊ မျက်ပြူး၊ ထက်ဦးထွဋ်နှင့် မိုးမာန်တို့ ပါဝင်သည့် ရုပ်ရှင်အသင်း(MOVIE FC)တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရုပ်ရှင်အသင်း (MOVIE FC)က FOREVER FC အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ညနေ ၅ နာရီတွင် ဒုတိယပွဲစဉ်အဖြစ် ထူးအယ်လင်း၊ ဆိုတေး၊ ဒီဖြိုး၊ အစ္စဏီ၊ ညီမင်းခိုင်၊ ဝေလျှံ၊ ဥက္ကာ၊ ရာဝဏ ၊ ရော်ရွက်၊ မုန်ဆန်အောင်၊ သီဟ၊ သာထူးအောင်၊ နေလင်းကျော်၊ ZG၊ ဘိုဘိုမြသိန်း၊ အောင်အောင်ဦး၊ မုန်ထွယ်အောင် ပါဝင်သည့် ဂီတအသင်း(MUSIC FC)နှင့် နေလင်းဦး၊ အောင်ကျော်ကျော်၊ မျိုးလှိုင်ဝင်း၊ ကြည်လွင်၊ တင်မြင့်အောင်၊ သန်းဝေ၊ ကျော်မင်း၊ အေးနိုင်၊ တင်ဝင်း၊ မောင်မောင်ဌေး၊ စိုးမြတ်မင်း၊ ရန်ပိုင်၊ အောင်မျိုး၊ မောင်မောင်မြင့်၊ မြင့်ကို၊ ထွန်းကျော်၊ မိုးကျော်၊ ကျော်မျိုးဟန်၊ ဌေးလွင်၊ ယဉ်မင်းအောင်တို့ ပါဝင်သော မြန်မာ့ဘောလုံး လက်ရွေးစင်ဟောင်းများဖြစ်သည့် ညွှန့်ပေါင်းဘောလုံးအသင်း (OLD STAR FC)တို့ ယှဉ်ပြိုင်ကစားကြရာ ဂီတအသင်း(MUSIC FC)က ညွှန့်ပေါင်းဘောလုံးအသင်း(OLD STAR FC)အသင်းကို လေးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

ဇွန် ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် ရုပ်ရှင်အသင်း(MOVIE FC)နှင့် ဂီတအသင်း(MUSIC FC)တို့သည် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး FOREVER FC အသင်းနှင့် ညွှန့်ပေါင်းဘောလုံးအသင်း(OLD STAR FC)တို့သည် တတိယ နေရာလုပွဲအဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် အနုပညာရှင်များစွာ ပါဝင်သောတေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ပြီး ထိုနေ့တွင်ရရှိသည့် ဘောလုံးပွဲဝင်ကြေးရန်ပုံငွေများကို မိုခါမုန်တိုင်း သဘာဝဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်းတန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း



**မအူပင် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တာပတ်အနောက်ကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်အောင်သာက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကာ စီမံကိန်းမတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျိုးဝင်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

## ဆရာကြည်

(၃-၅-၂၀၂၃ ရက်နေ့မှအဆက်)

**သာမာဝတီမိဖုရားနှင့်အခြွေအရံတို့ကို မာဂဏ္ဍီက မီးရှို့သတ်ဖြတ်စေခြင်း**

စိတ်ထားမဖြောင့်မြတ်၊ စိတ်ထားမကောင်းသော မာဂဏ္ဍီသည် သူကြံစည်သမျှ မအောင်မြင်ဘဲရှိသည့်အတွက် နောက်ထပ် ဆက်အကြံထုတ်သည်။ သူ့ထံသို့လာသော မင်းကြီးအား ဥယျာဉ်တော်သို့ ကစားထွက်ရန် လျှောက်ထားသည်။ မင်းကြီးကလည်း မာဂဏ္ဍီပြောသည့်အတိုင်း အခြွေအရံမှူးမတ်တို့ဖြင့် ဥယျာဉ်တော်သို့ ထွက်လေသည်။

မင်းကြီးနှင့်အတူ မာဂဏ္ဍီမိဖုရားသည် ဥယျာဉ်သို့ထွက်စဉ် သူ၏ဘထွေးတော်အား မှာခဲ့လေသည်။ သူ၏ဘထွေးတော် စူဠမာဂဏ္ဍီကလည်း မာဂဏ္ဍီမှာသည့်အတိုင်း သာမာဝတီနေသောပြာသာဒ်ကို သွားကာ ပုဆိုးများကို ဆီအိုးတွင်နှစ်၍ တိုင်များတွင် ရစ်ပတ်ပြီး သာမာဝတီတို့ အပြင်မထွက်နိုင်အောင် အပြင်မှတံခါးများကိုပိတ်၍ ပြာသာဒ်ကို မီးရှို့ဖျက်ဆီးလေသည်။ သာမာဝတီမိဖုရားလည်း သူ့အခြွေအရံငါးရာတို့အား အစမထင် သံသရာ၌ မိမိတို့၏ခန္ဓာကိုယ် မီးလောင်ကျွမ်းပေါင်းမနည်းပြီ၊ သတိတရားဖြင့် မမေ့မလျော့နေကြလော့ဟု မှာကြားသတိပေးသည်။ ထိုမိန်းမငါးရာတို့သည် မီးလောင်သည့်ဒဏ်ကို ပြင်းထန်စွာခံရသော်လည်း ကမ္မဋ္ဌာန်းတွင် နှလုံးသွင်းနေသောကြောင့် တချို့က သကဒါဂါမ်ဖြစ်၍ တချို့က အနာဂါမ်ဖြစ်ကြလေသည်။ မင်းကြီးသည် ယင်းသတင်းကို ကြားလျှင်ကြားချင်း အမြန်သွားသော်လည်း ပြာသာဒ်မီးလောင်ပြီးမှ ရောက်သွားရှာလေသည်။

မင်းကြီးလည်း စိတ်နှလုံးမချမ်းမသာဖြစ်သွားသည်။ ဤအမှုပြုသူမှာ မာဂဏ္ဍီမိဖုရားဖြစ်ကြောင်း သိသောအခါ ဥတေနမင်းကြီးသည် ပရိယာယ်ဖြင့် ဟန်လုပ်ပြီး မိမိကိုဖျက်ဆီးရန် အမြဲအကြောင်းရှာသော မိဖုရားသာမာဝတီ၏ရန်မှ အေးသွားသည်။ အခုမှ စိတ်ချမ်းသာသည်။ ဤအမှုကိုပြုသူသည် မိမိကို အမှန်ချစ်ခင်သူဖြစ်မည်ဟု ဟန်ဆောင်၍ ပြောဆိုလေသည်။

ထိုအခါ၌ မာဂဏ္ဍီသည် မင်းကြီးက သူ့အား ချီးကျူးသည်ထင်၍ သူ့ဘထွေးကို ဤအမှုပြုခိုင်းကြောင်း ဝန်ခံပြောဆိုလေသည်။ ထိုအခါ မင်းကြီးသည် ဆုပေးလိုဟန်ဖြင့် မိမိအား အကျိုးလိုလားချစ်ခင်သူမှာ မာဂဏ္ဍီမှတစ်ပါး အခြားသူမရှိဟု ဟန်ဆောင်၍ ဆိုပြန်လေသည်။

မင်းကြီးက မာဂဏ္ဍီအား သူ့ဆွေမျိုးများကို ခေါ်ပါ ဆုပေးမည်ဟုပြောလိုက်ရာ မာဂဏ္ဍီသည် ဝမ်းသာအားရစွာဖြင့် လူများလွှတ်၍ အကြောင်းကြားလေသည်။ ၎င်း၏ဆွေမျိုးများ ရောက်လာသောအခါ မင်းကြီးက ၎င်းတို့အားလုံးကိုဖမ်းပြီး မင်းရင်ပြင်၌ မြေကြီးကိုတွင်းတူး၍ ချက်အထိ မြေမြှုပ်လေသည်။ ၎င်းတို့အပေါ်မှ ကောက်ရိုးများကို ဖြန့်ကြဲပြီး မီးတိုက်စေလေသည်။ ၎င်းတို့ မီးလောင်ပြီးသော် သံထွန်သွားဖြင့် အပိုင်းပိုင်း အစိတ်စိတ်ဖြစ်အောင် ထွန်စေလေသည်။ မာဂဏ္ဍီကိုလည်း သူ့ကိုယ်မှ အသားကိုလှီးဖြတ်၍ အိုးကင်းတွင်ကြော်စေပြီး ၎င်းကိုယ်တိုင် စားခိုင်းလေသည်။

ဘုရားရှင်၏ ရဟန်းတပည့်များသည် ဤအကြောင်းအရာနှင့်ဆက်စပ်၍ ပြောဆိုနေကြသည်။ သာမာဝတီမိဖုရားနှင့် အပေါင်းပါ အခြွေအရံငါးရာတို့သည် မီးရှို့သတ်ခံရ၍ သေကုန်သည်။ မာဂဏ္ဍီနှင့် ၎င်းဆွေမျိုးတို့သည်လည်း မီးရှို့သတ်ခံရ၍ သေလေသည်။ ဤနှစ်မျိုးတို့တွင် အဘယ်သူသည် အသက်ရှည်သည်မည်ကုန်သနည်း။ အဘယ်သူသည် သေသည် မည်ကုန်သနည်းဟူ၍ ရဟန်းတို့က ပြောကုန်သည်။

ထိုအခါ၌ ဘုရားရှင်ကြွလာပြီး ၎င်းတို့ပြောကြားသည့် စကားကိုကြားလျှင် ကောင်းမှုနှင့်ပတ်သက်၍ မေ့လျော့နေသောသူတို့သည် အသက်တစ်ရာပင် ရှည်သော်လည်း သေသည်မည်ကုန်၏။ သို့ဖြစ်သောကြောင့် မာဂဏ္ဍီသည် အသက်ရှည်သော်လည်း သေသည်မည်၏။ သာမာဝတီ စသော မိန်းမငါးရာတို့သည် သေလွန်သွားကြသော်လည်း အသက်ရှည်သည်မည်ကုန်၏ဟု ဘုရားရှင်က မိန့်ကြားလေသည်။

**မှတ်ချက်။** ဤသို့ဖြစ်ခြင်းမှာ သာမာဝတီနှင့် အခြွေအရံငါးရာတို့သည် ရှေးအတိတ်ဘဝက ပစ္စေကဗုဒ္ဓါ နိရောဓသမာပတ် ဝင်စားနေသောချုံကို မီးရှို့ဖျက်ဆီးခဲ့သောကြောင့် ၎င်းတို့သည် ငရဲ၌ ကြာမြင့်စွာခံရပြီး ငရဲမှလွတ်သောအခါ ဘဝများစွာ မီးလောင်၍ သေကြကုန်သည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မေတ္တာစျာန်ဖြင့် နေကြကုန်သော ဥပါသိကာမတို့ထဲတွင် သာမာဝတီသည် အမြတ်ဆုံးဖြစ်သည်ဟူ၍ သာမာဝတီအား "မေတ္တာဝိဟာရီ ဧတဒဂ်" အရာ၌ထားကာ ဘုရားရှင်၏ တရားများကိုနာ၍ ဟောကြားခြင်းဖြင့် တစ်ဆင့်ဟောသည့် ခုဇ္ဇုတ္တရာ (ဥတ္တရာ)သည် ဥပါသိကာမတို့တွင် အမြတ်ဆုံးဖြစ်သည်ဟူ၍ "ဗဟုသုတဧတဒဂ်" အရာ၌ ထားတော်မူလေသည်။

**သံဃာ့အဓိကရုဏ်းကြီး ဖြစ်ပွားခြင်း**

ဘုရားရှင်သည် ကောသမ္ဗီပြည်ရှိ ကျောင်းတိုက်ကြီးသုံးတိုက်တွင် နဝမဝါကပ်တော်မူပြီး ဝါကျွတ်သောအခါ၌ ဆက်လက်သီတင်းသုံးတော်မူသည်။ ဃောသိတာရုံတိုက်တွင် အခြံအရံငါးရာနှင့်နေသော ဝိနည်းဓိုရ်တစ်ပါးရှိသော်လည်း ယင်းကျောင်းတိုက်တွင် သုတ္တန်ဆောင် (ဓမ္မကထိက) မထေရ်တစ်ပါးလည်းရှိကြသည်။

တစ်နေ့သောအခါ သုတ္တန်ဆောင်မထေရ်သည် ဝစ္စကုဋီ (သန့်သက်အိမ်သာ) သို့ တက်သောအခါ သန့်သက်ရေခွက်တွင် ရေကျန်ကိုထားလျက် အမှတ်မဲ့ထွက်လာခဲ့သည်။ ထို့နောက် ဝိနည်းဓိုရ်မထေရ်က ထိုသန့်သက်အိမ်သာသို့ တက်သောအခါ ရေကျန်ကိုတွေ့၍ ထွက်လာခဲ့ပြီး သုတ္တန်ဆောင်ရဟန်းအား ရေအကျန်ကို ဘာကြောင့်ထားခဲ့လဲ အာပတ်သင့်သည်ကို မသိဘူးလားဟူ၍ မေးမြန်းလေသည်။

သုတ္တန်ဆောင်ရဟန်းကလည်း သတိမေ့လျော့၍သာ ရေကျန်ထားမိကြောင်း အာပတ်သင့်လျှင် ဒေသနာကြားနာပါမည်ဟု ဆိုလေသည်။ ထိုအခါ ဝိနည်းဓိုရ်ရဟန်းက သို့ဖြစ်ခြင်းသည် အပြစ်မရှိကြောင်းပြောသဖြင့် သုတ္တန်ဆောင်ရဟန်းကလည်း အာပတ်မသင့်ကြောင်း ယူဆလေသည်။ ယင်းအဖြစ်အပျက်ကို ဝိနည်းဓိုရ်မထေရ်သည် သူ့တပည့်များနှင့် စကားစပ်၍ပြောရာတွင် ဤသုတ္တန်ဆောင်မထေရ်သည် အာပတ်သင့်လျက်လည်း ဘာမျှမသိဟု ပြစ်တင်ပြောကြားလေသည်။

ဝိနည်းဓိုရ်မထေရ်၏ တပည့်များသည် သုတ္တန်ဆောင်မထေရ်၏ တပည့်များနှင့်ဆုံလျှင် သင်တို့၏ဆရာ သုတ္တန်ဆောင်မထေရ်သည် အာပတ်သင့်၍ သင့်ကြောင်းမသိဟု စွပ်စွဲပြောဆိုလေသည်။ ထိုအခါ သုတ္တန်ဆောင်မထေရ်၏တပည့်များက သူတို့ဆရာအား ဝိနည်းဓိုရ်ရဟန်းက စွပ်စွဲပြောဆိုကြောင်း ပြောလေသည်။ ယင်းကို သုတ္တန်ဆောင်မထေရ် ကြားသော် ဤရဟန်းသည် အာပတ်မသင့်ဟု ၎င်းကိုယ်တိုင် ပြောကြားကြောင်းနှင့် ဤရဟန်းသည် မုသားကံပြောဆိုကြောင်း၊ လူယုတ်ဖြစ်ကြောင်း ပြောလိုက်သည်။ ဤပြောဆိုချက်ကို သုတ္တန်ဆောင်မထေရ်၏ တပည့်များက ဝိနည်းဓိုရ်မထေရ်၏ တပည့်များကို ပြန်ပြောခြင်းဖြင့် အငြင်းပွားမှုသည် ကျယ်ပြန့်လာလေသည်။

ဝိနည်းဓိုရ်ရဟန်းသည် အခြားရဟန်းများ စည်းရုံး၍ အာပတ် သင့်၊ မသင့်ဟုဆိုသော သုတ္တန်ဆောင်ရဟန်းအား သံဃာက စွန့်အပ်သော "ဥက္ခေပနီယ" ခေါ် ဝိနည်းကံကို ပြုလေတော့သည်။ ထိုသို့အားဖြင့် ဥက္ခေပနီယကံ ပြုခံရသော ရဟန်းတို့ကလည်း ဗဟုသုတနှင့် ပြည့်စုံသည့် အကျွမ်းဝင်ရဟန်းများကို ချဉ်းကပ်၍ သူတို့သည် အာပတ်မသင့်ဘဲ သင့်သည်ဟု အတင်းအဓမ္မစွပ်စွဲ၍ "ဥက္ခေပနီယ" ကံပြုခံရကြောင်းပြောလေသည်။ ၎င်းတို့သည်လည်း ဓမ္မဝိနယ အသင်းအပင်းဖြစ်၍ ရင်းနှီးခင်မင်သူ ရဟန်းတို့အား စည်းရုံးလေသည်။ ၎င်းတို့ကလည်း သူတို့ဘက်သို့ ပါလာကြလေသည်။ သို့ဖြစ်၍ ဇနပုဒ်ကျေးရွာများနှင့် အပြုခံရသူ ရဟန်းတို့သည် သူ့ဘက်ကိုယ့်ဘက် စည်းရုံးကာ ခြိမ်းခြောက်ပြောကြားပြီး အငြင်းပွားကုန်ကြသည်။

ဤသို့ဖြင့် ရဟန်းမများနှင့် ရဟန်းဒါယကာများသည် သူတို့ရင်းနှီးရာ ရဟန်းဘက်သို့ လိုက်ပါကြပြီး သံဃာ့အဓိကရုဏ်းကြီး ကြီးမားကျယ်ပြန့်စွာဖြစ်သွားလေသည်။ ဘုရားရှင်သည် ဤသတင်းကို ကြားသောအခါ မည်သည့်ဘက်မှမလိုက်ဘဲ ပထမဦးဆုံး ဥက္ခေပနီယကံပြု ရဟန်းများထံသို့သွား၍ ငါသိ ငါတတ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်အထင်ကြီးကာ သာမန်အကြောင်းလေးနှင့် ဥက္ခေပနီယကံ မပြုသင့်ပါ။ ဤသို့အားဖြင့် သံဃာများ ညီညွတ်ခြင်းပျက်ပြားစေကြောင်း ဟောကြားဆုံးမလေသည်။

ထို့နောက် ဘုရားရှင်သည် ဥက္ခေပနီယကံ အပြုခံရသော ရဟန်းတို့ကိုလည်း ၎င်းတို့ခင်းထားသောနေရာတွင်ထိုင်၍ အာပတ်သင့်လျက်နှင့် အာပတ်မသင့်ဟု နှလုံးသွင်းခြင်းသည် အခြားရဟန်းများက ပြောဆိုကြမည်။ ဤသို့ဖြစ်လျှင် သံဃာများ ညီညွတ်မှုမရှိဘဲ ဂိုဏ်းကွဲသွားကြပေမည်၊ အာပတ်သင့်သည်ဟု ပြောလာလျှင် ဒေသနာကြားနာရပေမည်ဖြစ်ကြောင်း ဆုံးမလေသည်။ ထိုသို့ဘုရားရှင်က နှစ်ဖက်သော ရဟန်းတို့ကို တစ်ဖက်ကိုမျှ အပြစ်မတင် ဘက်မလိုက်ဘဲ ဆုံးမသော်လည်း နှစ်ဖက်သော ရဟန်းတို့သည် ညီညွတ်မှုမပြုဘဲ ဆန့်ကျင်ဘက်စကားများကိုသာ ဆက်လက်ပြောကြားနေသည်။

ဘုရားရှင်က မညီညွတ်ခြင်းသည်လည်းကောင်း၊ တစ်ဦးကိုတစ်ဦး ကွဲပြားကာ ခိုက်ရန်ဖြစ်ခြင်းသည်လည်းကောင်း မည်သည့်ကောင်းကျိုးမျှမဖြစ်ဘဲ အကျိုးစီးပွား ဆုတ်ယုတ်မှုသာဖြစ်ကြောင်း ဟောတော်မူသည်။ ထို့အပြင် ညီညွတ်ခြင်း၏ အကျိုးကျေးဇူးကွဲပြားခြင်း၏ ဆိုးကျိုးများကို "လဋုကိကဇာတ်" နှင့် "ဝဋ္ဋဇာတ်" တို့ဖြင့် သက်သေထူကာ ဟောပြဆုံးမတော်မူသည်။

ထို့နောက် ဘုရားရှင်သည် တစ်ဦးနှင့်တစ်ဦး မေတ္တာထား၍ အပြစ်တို့ကို ခွင့်လွှတ်သင့်ကြောင်း၊ ခွင့်လွှတ်ခြင်းအကြောင်းများကြောင့် အကျိုးရှိကြောင်းကို ဒီဃာဝုမင်းသား၏ ဝတ္ထုတိုအား သက်သေထားဆုံးမသော်လည်း ရဟန်းတို့သည် ညီညွတ်မှုမရှိဘဲ ကွဲမြဲကွဲလျက် ခိုက်ရန်ပြုရန်ဖြစ်နေကြသည်။ (ဆက်လက်ဖော်ပြပါမည်)



**"ဘထွေးတော် စူဠမာဂဏ္ဍီကလည်း မာဂဏ္ဍီမှာသည့်အတိုင်း သာမာဝတီနေသောပြာသာဒ်ကိုသွားကာ ပုဆိုးများကို ဆီအိုးတွင်နှစ်၍ တိုင်များတွင် ရစ်ပတ်ပြီး သာမာဝတီတို့ အပြင်မထွက်နိုင်အောင် အပြင်မှတံခါးများကိုပိတ်၍ ပြာသာဒ်ကို မီးရှို့ဖျက်ဆီးလေသည်။ သာမာဝတီမိဖုရားလည်း သူ့အခြွေအရံငါးရာတို့အား အစမထင် သံသရာ၌ မိမိတို့၏ခန္ဓာကိုယ် မီးလောင်ကျွမ်းပေါင်းမနည်းပြီ၊ သတိတရားဖြင့် မမေ့မလျော့နေကြလော့ဟု မှာကြားသတိပေးသည်။ ထိုမိန်းမငါးရာတို့သည် မီးလောင်သည့်ဒဏ်ကို ပြင်းထန်စွာခံရသော်လည်း ကမ္မဋ္ဌာန်းတွင် နှလုံးသွင်းနေသောကြောင့် တချို့က သကဒါဂါမ်ဖြစ်၍ တချို့က အနာဂါမ်ဖြစ်"**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ကော်မတီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လုပ်ငန်းဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | လုပ်ငန်းအမည် |
|---|---|---|
| (က) | Lot (1) | လယ်ဝေးကော်မတီပိုင် အသားထုတ်နယ်မြေ၊ အသားထုတ်လုပ်ရေးရုံ(ဝက်၊ အမဲ၊ ဆိတ်)တို့တွင် အများသုံးရေချိုးခန်းနှင့် ရေလောင်းအိမ်သာ(၂)ခန်းတွဲ R.C (၁၂'x၁၀'x၉') (၂)လုံး ဆောက်လုပ်ခြင်း Septic Tank (၂)လုံး ရေ၊ မီး၊ W.C (Accessories အပါ)နှင့် လုံခြုံရေးဂိတ်တဲ(Steel Structure) (၈'x၈'x၁၀') (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း၊ |
| (ခ) | Lot(2) | လယ်ဝေးကော်မတီပိုင် အသားထုတ်နယ်မြေတွင် တာဝန်ကျဝန်ထမ်းများနေထိုင်ရန် (၆)ခန်းတွဲ Steel Structure Building (၁၀၈'x ၃၃'-၆''x ၁၁') (၁)လုံး တည်ဆောက်ခြင်းနှင့် စပ်ဆက်လုပ်ငန်းများဆောင်ရွက်ခြင်း၊ |
| (ဂ) | Lot(3) | တပ်ကုန်းကော်မတီပိုင်အသားထုတ်နယ်မြေတွင် တိရစ္ဆာန်စွန့်ပစ် အမွေး၊ အရိုး မီးရှို့စက်ရုံ (၂၀'x၁၅'x၁၀') (Steel Structure) အဆောက်အဦ (၁)လုံး တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ |
| (ဃ) | Lot(4) | လယ်ဝေးကော်မတီပိုင် အသားထုတ်နယ်မြေတွင် အဝင်လမ်း မြေသားပြုပြင် ရိုစာခင်းခြင်း (၁၃၈၅'x၁၈'x၉'')၊ လမ်းပခုံးကပ်ခြင်း ၂ x (၁၃၈၅'x၃'x၈'')၊ ကွန်ကရိခင်းခြင်း (၁၃၈၅'x၁၂'x၈'')နှင့် အတွင်းလမ်း (၁၆၅၆'x၁၈'x၉'') မြေသားပြုပြင် ရိုစာခင်းခြင်း၊ ၂ x (၁၆၅၆'x၃'x၈'') လမ်းပခုံးကပ်ခြင်းလုပ်ငန်း၊ |
| (င) | Lot(5) | လယ်ဝေးကော်မတီပိုင်အသားထုတ်နယ်မြေတွင်11/0.4 KV200 KVA Transformer (၁)လုံး၊ 11KV Line800 ft with Single polem, U-Channel Iron & ACSR 95 $mm^2$ နှင့် 400 ဗို့အားလိုင်း (3Ø5w) (0.34 Mile) တည်ဆောက်ခြင်းလုပ်ငန်း။ |

(စ) **တင်ဒါပုံစံရောင်းချမည့်ရက်**
(၁) Lot(1), (3), (5)အတွက် (၁၉-၆-၂၀၂၃)ရက်နေ့မှ (၃၀-၆-၂၀၂၃) ရက်နေ့ထိ၊
(၂) Lot(2), (4)အတွက် (၁၉-၆-၂၀၂၃)ရက်နေ့မှ (၁၄-၇-၂၀၂၃) ရက်နေ့ထိ ။

(ဆ) **တင်ဒါပေးသွင်းရမည့်နောက်ဆုံးရက်နှင့် အချိန်**
(၁) Lot(1), (3), (5)အတွက် (၃-၇-၂၀၂၃)ရက်နေ့ (၁၆:၀၀)နာရီ၊
(၂) Lot(2), (4)အတွက် (၁၈-၇-၂၀၂၃)ရက်နေ့ (၁၆:၀၀)နာရီ ။

(ဇ) တင်ဒါပေးသွင်းရမည့်နေရာ - တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည် -

စုံစမ်းရန်နေရာ/ဌာန - တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၃၂၄၉၃, ၀၉-၇၆၆၆၇၃၆၅၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ် (၆၄၅/ခ)ရှိ မြေတိုင်းရပ်ကွက် အမှတ်- ဏ/၄၀၊ မြေကွက်အမှတ်- ၆၄၅/ခ၊ အကျယ်အဝန်း- ပေ ၂၀ x ပေ ၆၀ ရှိ ဦးကျော်တင့် [၁၂/လမန(နိုင်)၀၅၇၈၈၈] (NBN-၁၆၆၈၁၃) အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန့်ဇင် [၇/လပတ(နိုင်)၁၃၄၂၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးကျော်မောင်မောင်မင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၁)**
**အမှတ်(၃၄)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၆၉၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဒဂုံမန်းလမ်း၊ ဒရယ်မီးရပ်ကွက်၊ ကွင်းအမည်နှင့်အမှတ် (၄၁၀က ရေသိုးကြီးကွင်း)၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ်(၁၃)၊ ဧရိယာ (၀.၀၅၅၁)ဧက၊ မြို့မြေအကျယ်ရှိ ကျောင်းသူ အမှတ်စဉ်(၁) မြေပိုင်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့်

၂။ အမှတ်စဉ်(၁) မြေကွက်ပေါ်တွင် တည်ဆောက်ထားသော သံကွန်ကရစ် အုတ်ခင်း၊ အုတ်ကာ သွပ်မိုးအဆောက်အဦ၏ တစ်ဝက်ဖြစ်သော တောင်ဘက် (ခေါင်းရင်းခြမ်း)နှင့် ယင်းအခြမ်းရှိအဆောက်အဦပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဦးတင်မြင့်+ ဒေါ်စန်းစန်းဝင်းတို့ နှစ်ဦးထံမှ ကျွန်ုပ်အမှုသည်က အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစတင်၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းလွင် LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၉၁/၈-၄-၂၀၀၂)**
**အိမ်အမှတ်(၅၅)၊ မင်းလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ဒိုက်ဦးမြို့၊**
**ပဲခူးတိုင်းဒေသကြီး။ Ph: 09-5382241**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနအတွက် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လပတ်အသုံးပြုရန်လိုအပ်သော စက်ဆီ/ ချောဆီ (Lubricants) (၆)မျိုးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနများအတွက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံ ဒီဇယ်ဆီ (Premium High Speed Diesel)နှင့် ဓာတ်ဆီ(Octane-92) စက်သုံးဆီ(၃)မျိုးတို့ကို **မြန်မာကျပ်ငွေ**ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား **၆-၇-၂၀၂၃ ရက်နေ့ (၁၃:၀၀)နာရီ** နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၂၀-၆-၂၀၂၃) ရက်နေ့မှစ၍ (၄-၇-၂၀၂၃) ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အမည်မှန်၊ မွေးသက္ကရာဇ်မှန်နှင့် မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ) စန်းကားကျောင်း၊ Grade-3 မှ မောင်ကောင်းခန့်၏ အမည်မှန်မှာ မောင်ခိုင်ခန့်သူဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၇-၇-၂၀၁၄ ဖြစ်၍ ၎င်း၏ မိဘအမည်မှန်မှာ ဦးချိုသန်း [၈/ ဆပဝ(နိုင်)၀၈၄၀၀၀]နှင့် ဒေါ်ခင်ချိုဝင်း [၅/ကလတ(နိုင်)၀၈၆၄၁၅] ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဂျာစင်ဆိုင်း [၉/အမဇ (နိုင်) ၀၂၁၈၈၉]၏ ပတ်စ်ပို့နံပါတ် (ME-345055) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၉၃၄၄၆၉**

## အမည်မှန်

သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ (ရွာသစ်) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) Grade- 2 တန်းတွင် ပညာသင်ကြားလျက်ရှိသော (အဖ) ဦးနေလင်းထိုက် (အမိ) ဒေါ်မေသကြီန်အောင်၏သားဖြစ်သူ မောင်သူရိန်လင်း(ခ)မောင်ဟိန်းထက်စံ၏ အမည်မှန်မှာ မောင်ဟိန်းထက်စံ ဖြစ်ပါကြောင်း။

**မောင်ဟိန်းထက်စံ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၃) ရပ်ကွက်နေ ဦးညဏ်လင်းဖြိုး (ဘ) ဦးစိုးဝင်း [၇/ညလပ(နိုင်)၁၁၆၅၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၃) ရွာသစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅) ဖအောင်းရွာမရပ်၊ ဦးပိုင်အမှတ် (၁၇က) မြေကွက်အမှတ် (၇၁)အတွင်းရှိ မြေချိန်ဧရိယာ (၀.၀၉)ဧက ကျယ်ဝန်းသော ခြံမြေကွက်မှာ (၁၀-၈-၁၉၉၂)ရက်စွဲပါ စာအမှတ်- ၃၈၄/၂-၇/တ. ၀.တ (ပဲခူး)အရ (လ/န-၃၉) ကျပြီးဖြစ်သော မြို့မြေစုစုပေါင်း မြေချိန်ဧရိယာ (၀.၃၈၉၈) ဧက အတွင်း၌ တည်ရှိပါသည်။

အထက်ဖော်ပြပါ (လ/န- ၃၉) ကျပြီးဖြစ်သော မြေချိန်ဧရိယာ (၀.၀၉) ဧက ကျယ်ဝန်းသည့် မြို့မြေခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အထက်အမည်ပါ ကြေညာသူ ဦးညဏ်လင်းဖြိုးအနေဖြင့် လွန်ခဲ့ သော (၁၆)နှစ်ခန့်ကတည်းမှ ယနေ့အချိန်အထိ ဥပဒေနှင့်အညီ တရားဝင် လက်ရှိထား နေထိုင်ပိုင်ဆိုင်လာခဲ့သော ခြံမြေကွက်ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရာ အထက်ဖော်ပြပါ မြို့မြေအမျိုးအစား ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အထက်အမည်ပါ ကြေညာသူ ဦးညဏ်လင်းဖြိုး တစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းစသော အကြောင်းအရာကိစ္စများကို တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိပါကြောင်း ကြေညာပါသည်။ ယခုကြေညာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ၌ ကြေညာချက်ပါရှိပြီး (၁၄)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက ကျွန်ုပ်အမှုသည်၏ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် မြေငှားဂရန်လျှောက်ထားခြင်းကိစ္စအပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းထင်လင်းစိုး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၉၇/၄.-၁၂-၂၀၁၈)**
**မြို့မ (၂)ရပ်ကွက်၊ ညောင်လေးပင်မြို့။ ဖုန်း- ၀၉-၄၂၈၂၀၈၆၆၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ နယ်မြေ(၆)၊ အမှတ် (၁၂/၅၁၂)နေ (ဘ) ဦးချွမ်ယုံတာ (မိ) ဒေါ်ယဉ်ယဉ်မိုး တို့၏သား မောင်ဘိုမင်းဦး [၁/မကန(ပြု)၀၀၀၄၂၇]သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးချွမ်ယုံတာ၊ ဒေါ်ယဉ်ယဉ်မိုး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ (မြတ်ရတနာ)ရပ်ကွက်၊ အမှတ်(၃၇၁) ဟုခေါ်တွင်သော မြေအကျယ် (၄၀ပေx ၆၇.၆ပေ)နှင့် အမှတ်(၃၇၂)ဟုခေါ်တွင်သော မြေအကျယ် (၃၀ပေx ၆၇.၆ပေ)ရှိ မြေကွက်အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးမြင့် [၁၂/လမန(နိုင်)၀၁၈၂၃၅]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်မို့မို့အောင် [၁၄/မအန(နိုင်)၂၀၈၄၂၀]မှ အဆိုပါ မြေကွက်အား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီး ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမို့မို့အောင် (LL.B, DBL)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၃၉၀/၁၀) (၂၄-၉-၂၀၁၀)**
**ဖုန်း- ၀၉-၄၂၅၃၁၁၇၁၂၊ ၀၉-၄၄၇၆၅၈၇၀၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၁၀၆၂+၁၀၆၃)ဟုခေါ်တွင်သော-မြေတိုင်းရပ်ကွက်အမှတ်-၄/၆(ပ)၊ မြေကွက်အမှတ်(၁၀၆၂+၁၀၆၃)၊ ဧရိယာ(၀. ၀၆၈)ဧကရှိ ဒေါ်အဝင်းအမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှတစ်ဆင့် အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးသောင်းစိန်(ခ)ဦးသီဟအောင်(၁၂/စခန(နိုင်)၀၆၄၆၃၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- FMI City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊မြေကွက်အမှတ်(၈၀၈)၊ဧရိယာ(၀. ၀၅၅)ဧကရှိ ဒေါ်စန်းအေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ ရွှေစပါယ်(၉)လမ်း၊တိုက်အမှတ်(F-114)ဟုခေါ်တွင်သော(၂)ထပ်တိုက်နေအိမ်အဆောက်အဦအပါအဝင် ဆက်နွယ်တည်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှတစ်ဆင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်းအိဝေ(၁၀/မလမ(နိုင်)၀၀၁၉၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

## ပတ်စ်ပို့ပျောက်

ကျွန်မ မမေရီအောင် [၁/မညန (နိုင်) ၁၃၄၀၀၁]၏ ပတ်စ်ပို့နံပါတ် (MA-929105) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၂၂၁၆၁၇၄**

## တော
## တောင်
## ပျက်ပြုန်း
## မြေဆီ
## သုဉ်း၏

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆၄)လမ်း၊ အမှတ်(၃၃)၊ ၇-လွှာ(ဝဲ)အခန်း၊ အကျယ်အဝန်း (၁၂ပေခွဲx၆၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ရေ၊ မီးအပြည့်အစုံပါ လူနေထိုင် သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထား၍ ရောင်းပိုင်ခွင့်ရှိသည်ဟုဆိုသော ဦးအောင်ကျော်ဦး [၁၂/ဆကန(နိုင်)၀၀၀၈၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ LL.B, D.B.L, D.1.L, IDCS တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ သုမင်္ဂလာလမ်း၊ သုမင်္ဂလာအိမ်ရာအပိုင်း(၃) သဇင်မင်းအိမ်ရာ၊ တိုက်အမှတ်(D)၊ အခန်းအမှတ် (၃၀၁)၏ အမည်ပေါက် ဒေါ်အေးသင်းစည် [၁/မမန(နိုင်)၀၀၀၂၇၃]ထံမှ ဒေါ်ဆွမ်းလွတ်လုဆန် [၁/မစန(နိုင်)၀၂၆၀၁၃]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ကိုမိုးဦး [၈/အလန(နိုင်)၁၄၆၇၂၃]နှင့် မခိုင်မာသဇင်အောင် [၁၂/လမန(နိုင်)၁၄၉၂၁၆]တို့မှာ ယခုအချိန်မှစ၍ ဘာမှမသက်ဆိုင်တော့ပါကြောင်းနှင့် မခိုင်မာသဇင်အောင်နှင့် ပတ်သက်သော ငွေကြေးအရှုပ်အရှင်းများကို တာဝန်ယူဆောင်ရွက်ပေးသွားမည်မဟုတ်ကြောင်း ကြိုတင်သတိပေးအပ်ပါသည်။

**ဦးမိုးဦး**
**[၈/အလန(နိုင်) ၁၄၆၇၂၃]**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄/၆)၊ လူနေရပ်ကွက်အမှတ် (အဆင့်မြင့်) မြေကွက်အမှတ် (၁၂၉၈+၁၂၉၉) ဟုခေါ်တွင်သော မြေကွက်အား ဒေါ်စိုးနှင်းမျိုး [၇/အဖန(နိုင်)၀၀၁၃၁၇] အမည်ပေါက်ထွက်ရှိထားပြီး၊ ဖော်ပြပါ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၁၂၉၈) ဟုခေါ်တွင်သော အကျယ်အဝန်း (၃၀ပေx၅၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးညီညွှေးနိုင် [၅/ကဘလ (နိုင်)၀၀၀၁၂၈]သည် ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိတွင်တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးအောင်ခိုင် [၇/ဒဥန(နိုင်)၀၃၂၇၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နီနီဇော် (LL.B, D.B.L)** — **ဒေါ်သဉ္ဇာဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၁၇)** — **အထက်တန်းရှေ့နေ (စဉ်-၄၆၃၅၆)**
**အမှတ်- စီ/၅၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၆၅၉၂၄၄ ၊ ၀၉-၂၆၂၄၇၇၇၃၃၊ ၀၉-၉၅၉၀၀၄၉၈၈၊ ၀၉-၅၀၇၅၇၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမြတ်မွန် [၁၂/ရပသ(နိုင်)၀၄၄၂၇၇] ကိုယ်စားလှယ်ဆောင်သူသည် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ အဝေရာလမ်းကြားလမ်း၊ မြေကွက်အမှတ် (၃၄၁)၊ မြေအကျယ် (၄၀x၆၀) ပေရှိ ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ဝင်း [၁၂/ကမရ(နိုင်) ၀၀၆၀၅၈]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေမြတ်မွန် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဇော်(LL.B, D.B.L)(စဉ်-၁၂၇၇၃)** — **ဒေါ်ရည်မွန်အောင်(LL.B,D.B.L,D.I.L) (စဉ်-၁၃၈၃၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၃၃၈၂၆**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက်အမှတ် (၄၀၇)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်ခင်စန်းရီ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အုတ်ညှပ်(၁)လုံးနှင့် ဆိုင်ခန်း(၃)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းရီ (၁၂/တမန(နိုင်)၀၁၅၂၉၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ခိုင်စန်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
ဒေါ်နှင်းနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ရှင်ထွေးညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ် (၈၉)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်ဝင်းဝင်းတင့် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်နိုင်ဦး (၁၄/ဖပန(နိုင်)၀၄၂၃၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ခိုင်စန်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
ဒေါ်နှင်းနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ (၃၄)လမ်း၊ မြေကွက်အမှတ်(J-၁၇၀)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဦးအောင်ခင်[၁၄/ဒဒရ(နိုင်)၀၆၆၄၇၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ဆွေသက်[၁၂/သလန(နိုင်)၁၀၆၂၁၅]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ကျော်နိုင်(LL.B,D.B.L,D.I.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၈၉)
**ဒေါ်တင်ဇာဦး(LL.B,LL.M,D.B.L)** အထက်တန်းရှေ့နေ(စဉ်-၅၀၉၃၅)

**အမှတ်(၅၂၈)၊ ရတနာလမ်း၊ သပြေကုန်းအရှေ့ပိုင်း၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၂၇၀၅၁၄၁**

**တက်နေဝန်း**

ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ မြောက်ပိုင်း)မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ အိမ်အရောက် ငွေပေးချေမည်။

**09-787878923**
**09-789289893**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၄၅-က)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုဒေါင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်သောင်း (ISN-၀၄၀၈၉၉)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးသန်းဌွေး [၁၂/ဒဂတ(ပြု)၀၀၀၆၁၉]**သည် **"နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)၊ ဦးဖိုးလှိုင်(၁)လမ်း၊ မြေကွက်အမှတ်(၃၀၆)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးမောင်မောင်မြင့် [၁၂/ဥကတ(နိုင်)၀၃၁၅၀၃]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## အကြင်လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြီးဖြစ်ကြောင်းနှင့် အိမ်ထောင်ရေးကင်းရှင်းလွတ်လပ်သူဖြစ်ကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းသူဇာ(ခ)ရှဲဟ်နားစ်ဘာနူး၊ နိုင်ငံသားကတ်အမှတ် [၁၂/မဂဒ(နိုင်)၁၃၇၄၀၃]၊ အမှတ်-၁၆၁(၃)လွှာ၊ ကုန်ဈေးတန်းလမ်း(အောက်)၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါမည်-

ကျွန်ုပ်တို့၏မိတ်ဆွေသည် ဦးအောင်သူရ(ခ)မုဟမ္မဒ်အနပ်စ် [၁၂/ပဘတ(ဧည့်)၀၀၀၇၄၁]နှင့် အိမ်ထောင်ပြုကာ သမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးအောင်သူရ(ခ)မုဟမ္မဒ်အနပ်စ်သည် ဇနီးဖြစ်သူဒေါ်စန်းသူဇာ(ခ) ရှဲဟ်နားစ်ဘာနူးနှင့် သမီးများအပေါ် တာဝန်ကျေပွန်မှုမရှိခြင်း၊ စရိတ်စကထောက်ပံ့ခြင်းမပြုခဲ့သည်မှာ (၃)နှစ်ကျော်ခန့် ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။

ဦးအောင်သူရ(ခ) မုဟမ္မဒ်အနပ်စ်ဖြစ်သူက ဒေါ်စန်းသူဇာ(ခ)ရှဲဟ်နားစ်ဘာနူးအပေါ် သွလာက်ပေး၍ အပြီးအပြတ်ကွာရှင်းကြောင်း စာရွက်စာတမ်းအထောက်အထားပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ဒေါ်စန်းသူဇာ(ခ)ရှဲဟ်နားစ်ဘာနူးသည် ဦးအောင်သူရ(ခ) မုဟမ္မဒ်အနပ်စ်နှင့် အပြီးအပြတ်ကွာရှင်းပြီးဖြစ်၍ လွတ်လပ်သူတစ်ဦးအဖြစ်ရောက်ရှိကာ အိမ်ထောင်ရေးကိစ္စလွတ်လပ်စွာ ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်မြင့် (စဉ် - ၁၀၉၁၆)**　**ဦးဝင်းမောင်(စဉ် -၅၀၄၅၈)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယုလမ်းမ၊ အမှတ်(၃၄၇)နေ ဒေါ်စန်းခင် [၁၂/ဥကမ(နိုင်)၁၃၀၄၅၀]၏သမီး မညိမ်းဆုဝေ [၁၂/ဥကမ(နိုင်)၂၀၅၀၀၈]သည် မိခင်၏ဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲမှုကိုပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်စန်းခင်**

## ကျုံမငေးမြို့နေ ဖခင် ဦးကျင့်ဗှာ၏ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့် ဒေါ်သီတာ၊ ဒေါ်နီလာတို့ကို အစ်မများအဖြစ်မှ ရာသက်ပန် ပယ်ဖျက်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

ကျုံမငေးမြို့နေ ဦးကျင့်ဗှာနှင့် ဒေါ်မြင့်မြင့်တို့၏သမီးအငယ်ဆုံးမချိုသဲ(ခ)မူဆုကူ[၁၄/ဝခမ(နိုင်)၃၁၃၀၆၆]သည် ဘွဲ့ရပညာတတ်တစ်ဦးဖြစ်ပြီး ဖခင်၏နေအိမ်တွင် ရွှေအာယုဆေးဆိုင်ရောင်းချနေသူဖြစ်ပါသည်။ ဖခင်ထံမှ မည်သည့်အခါကမျှ အမွေတောင်းခံခဲ့ခြင်းမရှိပါ။ အစ်မဒေါ်သီတာနှင့် ဒေါ်နီလာက ဖခင်နေအိမ်ကို ရောင်းချ၍ အမွေခွဲဝေယူလိုသောကြောင့် မချိုသဲတို့မိသားစုဖယ်ရှားပေးရန် ပြောဆိုသည်ကို မချိုသဲသဘောမတူခဲ့သောကြောင့် ဒေါ်နီလာနှင့် အလုပ်သမား(၂)ဦးက မချိုသဲဆေးဆိုင်မှ ဗီရိုများနှင့်ဆိုင်ကယ်ကို လမ်းမသို့ဆွဲထုတ်ခြင်း၊ ဆေးပစ္စည်းများလွှင့်ပစ်ခြင်း၊ အခန်းပိတ်ဆို့ကာရံခြင်းများ ပြုလုပ်ခဲ့ပြီး ဒေါ်သီတာနှင့် ဒေါ်နီလာတို့က မချိုသဲတို့မိသားစုကို အိမ်ပေါ်က အတင်းနှင်ချခဲ့ခြင်းဖြစ်ပါသည်။ (၉-၆-၂၀၂၃)ရက် ကြေးမုံသတင်းစာကြေညာချက်တွင် မချိုသဲက ဖခင်၏ဆိုဆုံးမမှုကို မနာခံကြောင်း ရန်ပြုပြောဆိုအမွေတောင်းခံကြောင်း၊ ကိုယ်စိတ်ဆင်းရဲအောင် ကြိမ်ဖန်များစွာ ပြုမူကြောင်း၊ ကိုယ်ထိလက်ရောက်စော်ကားကြောင်း၊ နေ့စဉ်ဆဲဆိုရန်စ စောင်းမြောင်းကြောင်း ဖော်ပြချက်များ လုံးဝမှန်ကန်မှုမရှိပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။ ၎င်းအပြင် မချိုသဲတို့မိသားစု ဖယ်ရှားမပေး၍ ဖခင်၏အိမ်မရောင်းရဘဲ အမွေမခွဲဝေနိုင်သဖြင့် ညီမအငယ်ဆုံးအပေါ် ရန်သူသဖွယ် ပြုကျင့်ဆက်ဆံသည့် ဒေါ်သီတာနှင့်ဒေါ်နီလာတို့ကို အစ်မများအဖြစ်မှ ရာသက်ပန်ပြတ်စဲစွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်ဌွေး(ကျုံမငေး)**
**B.A(Honours)(English), M.A (English)**
**H.G.P, D.B.L, D.M.L, D.I.L, P.G.D.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်-၆၄/၄ (ဘီ)၊ ၂၄ လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၀၃၁၅၂၊ ၀၉-၄၂၀၁၀၃၀၄၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၁၂၇၃၊ မြေကွက်တည်နေရာအမှတ်(၁၂၇၃)၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်စိန်မြင့် [၁၂/လမန(နိုင်)၁၁၇၂၀၉]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်စိန်မြင့် မြေကွက်ကို သမဝါယမဘဏ်မှ တရားလိုပြုလုပ်၍ ဦးမင်းလွင်၊ ဒေါ်စိန်မြင့်ကို(တရားပြိုင်)ထားကာ"အပေါင်ပစ္စည်းထုခွဲရောင်းချပေးစေလိုမှု"ဖြင့် စွဲဆိုရရှိသော ရန်ကုန်အရှေ့ပိုင်းခရိုင်(တရားရုံး)တရားမကြီးမှုအမှတ်(၂၈၄/၂၀၀၆)၏(၈-၅-၂၀၀၇)ရက်စွဲပါ စီရင်ချက်နှင့်အမိန့်၊ ယင်းရုံး၏(၈-၅-၂၀၀၇)ရက်စွဲပါ ရောင်းချရန်အဆုံးသတ်ဒီကရီ၊ ယင်းရုံး၏(၃၁-၇-၂၀၀၇)ရက်စွဲပါ လျှောက်ထားမြေကွက်ကို ရောင်းချ၍ တိုးရင်းပေါင်းငွေ အခြားစရိတ်ခုနှိမ်ရယူရန် အပြီးသတ်ဒီကရီချမှတ်သည့်အမိန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၏ တရားမဇာရီမှုအမှတ်(၃၆/၂၀၀၇)၏ အမိန့်၊ ဖော်ပြပါတရားရုံးအမိန့်များအရ လျှောက်ထားမြေကွက်ကို ရောင်းချသော လေလံမှဝယ်ယူထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုရောင်းကြောင်း လက်မှတ်စာ(၅/၂၀၂၂)မိတ္တူမှန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၏(၂၀-၁၀-၂၀၀၈)ရက်စွဲပါ ဒီကရီအတည်ပြုရောင်းချရာမရွှေ့မပြောင်းနိုင်သောပစ္စည်းကို လေလံတင်ရန်အမိန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၏ လျှောက်ထားမြေကွက်ကို မြေတွင်ဆိုင်ရာဆိုင်ခွင့်သို့ လွှဲပြောင်းကြောင်းမှတ်တမ်း၊ ဂရန်မူရင်းတို့ပူးတွဲ၍ သမဝါယမဘဏ်လီမိတက်၊ ရန်ကုန်မြို့(ကိုယ်စား)ဦးစိုးမင်းက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(၅-၄-၂၀၂၂)ရက်စွဲပါ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အစည်းအဝေးမှတ်တမ်းအရ တာဝန်လွှဲအပ်ကြောင်း အထောက်အထားတို့ တင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၄)၊ မြေကွက်အမှတ်(၇၆၄)၊ မြရတနာ(၆)လမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်အမှတ်(၇၆၅)နှင့် ကပ်လျက်ဘက်ခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြို့မြေစာရင်းတွင် ဦးအောင်မြင့်[၁၂/ကမရ(နိုင်)၀၃၂၆၀၅]အမည်ပေါက်တည်ရှိပါသည်။ ၎င်းကွယ်လွန်သွားပြီး ဇနီး ဖြစ်သူ ဒေါ်အေးပု[၁၂/ကမရ(နိုင်)၀၄၄၃၇၉]မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၄၂၄၃/၂၀၂၃)အရ အမွေဆက်ခံ ပိုင်ဆိုင်လာခဲ့ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်လေး [၁၂/ဥကတ(နိုင်)၀၃၀၃၂၅]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၁၄ )ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)
**ဒေါ်စန္ဒာဝင်း(LL.B)** အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)
**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

# ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား ဆင်တူယိုးမှားတုပထုတ်လုပ်ရောင်းချခြင်း မပြုရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ The Gems Condo၊ သဇင်လမ်း၊ (၅)လွှာ၊ တိုက်အမှတ်(၃)၊ အခန်း(၁)တွင်နေထိုင်သူ ဒေါ်စန္ဒာလင်း(ဘ)ဦးကျော်မြင့် [၁၂/လမန(နိုင်)၁၂၅၄၈၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-




**မှတ်ပုံတင်စာချုပ်အမှတ်- ၄/၅၀၁၁/၂၀၂၃**
**မှတ်ပုံတင်ရက်စွဲ - ၂၅-၅-၂၀၂၃**

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာလင်းသည် အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဖန်တီး၍ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် တစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်စာချုပ်အမှတ်-၄/၅၀၁၁/၂၀၂၃ဖြင့် (၂၅-၅-၂၀၂၃) ရက်နေ့တွင် မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာပြီး ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာလင်းသည် အဆိုပါလုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အသင့်စားခေါက်ဆွဲခြောက်၊ မာလာရှမ်းကောအနှစ်၊ စပိုက်စီအနှစ်နှင့် မောက်ချိုက်အနှစ်၊ အမျိုးမျိုး ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ လုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည့်ကိစ္စရပ်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းတွင် လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။

ယင်းလုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အသင့်စားခေါက်ဆွဲခြောက်၊ မာလာရှမ်းကောအနှစ်၊ စပိုက်စီအနှစ်နှင့် မောက်ချိုက်အနှစ်အမျိုးမျိုး ထည့်သွင်းထုပ်ပိုးမည့် ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူခွက်၊ ပါဆယ်ထုပ်များအစရှိသည့် ထည့်သွင်းပစ္စည်းအမျိုးမျိုး၊ ထုပ်ပိုးပစ္စည်းအမျိုးမျိုး အစရှိသည်တို့အပေါ်တွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ကျယ်ပြန့်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေပိုင်"အရသာထူးကဲ လျှာမှာစွဲ" ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ဆင်တူယိုးမှားသုံးစွဲ၍ ဆိုင်းဘုတ် ချိတ်ဆွဲခြင်း၊ တံဆိပ်ရိုက်နှိပ် ပုံနှိပ်၍ အသုံးပြုခြင်းများ မပြုလုပ်ကြပါရန်နှင့် ယင်းကဲ့သို့ ပြုလုပ်မှုများ တွေ့မြင်ကြားသိရပါက မည်သူကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးခင်မောင်တင်(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၂၆၄)
**ဒေါ်သော်သော်မင်းသူ** တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၁၄၅)

**အမှတ်-၁၆၀/ခ၊ ရွှေဝါထွန်း(၁)လမ်း၊(၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၇၇၁၂၃၃၀၆၆၊ ၀၉-၂၅၂၈၀၄၆၂၅၊ ၀၉-၂၂၀၁၆၉၃**

## "ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၂)၊ သခင်အုန်းဖေကြီးလမ်း၊ မြေကွက်အမှတ် (၅၁၉)၊ (၄၅ပေx၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်စန်းစန်းနွယ် (AR – 038792) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ်အုတ်ညှပ် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဇင်မာအိ [၅/ကသန(နိုင်)၀၅၂၄၇၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၀၂၄)**
**အမှတ်–(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉ ၉၇၅၆၄၃၃၄၈**

## ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၂)ရပ်ကွက်၊ အိမ်အမှတ်(၁၇၆)၊ မုဒိတာ(၂)လမ်း၊ ပေ(၂၀x၆၀) ကျယ်ဝန်းသော မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်အား ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဦးအောင်သူထွန်း [၈/ပခက(နိုင်)၂၄၇၇၅၉]ထံမှ ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားစာရွက်စာတမ်းခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ်**
**Strand Condominium မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ သံလွင်လမ်း၊ မြေကွက်အမှတ် (၉၁၇)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်း)ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ချစ်စိန်အမည်ပေါက် မြေချပါမစ် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မီမီသွင် [၁၂/သခန(နိုင်)၁၀၇၇၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၅–CG ၊ လူနေရပ်ကွက်အမှတ်– ဆရာစံတောင်၊ မြေကွက်အမှတ်– ၁၄၆၂၊ အကျယ်အဝန်း– ၂၀'x၄၀' ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁)၊ မင်္ဂလာသိဒ္ဓိလမ်း၊ ဆရာစံတောင်ရပ်ကွက်ဟုခေါ်တွင်သည့် (၂)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၌ ဦးသန်းဦး [၁၂/မဂတ(နိုင်)၀၁၄၂၀၂] ၊ ဒေါ်မြင့်မြင့်သိန်း [၁၃/ကဖန(နိုင်)၀၀၃၉၂၅] ကိုင်ဆောင်သူ အမည်ပေါက်လျက်ရှိပြီး ခင်ပွန်း ဦးသန်းဦး ကွယ်လွန်သွားသည့်အတွက် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဇနီး ဒေါ်မြင့်မြင့်သိန်း [၁၃/ကဖန(နိုင်)၀၀၃၉၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေပြည့်စုံ (ခ)ဒေါ်ပွင့် (LLB. DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၉၃)**
**အမှတ်–၅၅ ၊ အခန်း (၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၂၅၇၉၅၊ ၀၉–၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆) ရပ်ကွက်၊ (၁၄) လမ်း၊ အမှတ် (၈၉) ပေါ်တွင်ဆောက်လုပ်ထားသော (၆) ထပ်တိုက်၏ ဒုတိယထပ်၊ ၃–လွှာ၊ အကျယ်အဝန်း (၂၂.၆x၄၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးကျော်ဦး [၁၄/ဂခမ(ဧည့်)၀၀၀၂၀၂] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း– ၀၉–၄၂၁၀၃၅၉၆၃** | **၀၉–၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်/တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၄၉)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ပဉ္စမထပ်၊ ၆–လွှာ၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂½x၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊မီးအပါအဝင်အကျိုးခံစားခွင့်များကို အပြောက်စနစ်များဖြင့် ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင် (၁) ဦးပြည့်စိုးအောင် [၁၂/သဃက(နိုင်)၀၆၁၇၃၇]နှင့် (၂)ဒေါ်ယုဇနေဖြူဝင်း [၁၂/ပဇတ(နိုင်)၀၂၈၅၂၂]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **(BSc,DA,HGP,R.L,DBL,DML,DIL)** | **(LL.B,D.B.L)(စဉ်–၁၅၉၇၅)** | **(BA,HGP,R.L,DBL,DML,DIL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁)** |
| **ဖုန်း– ၀၉–၇၉၈၈၂၇၅၉၀** | **၀၉–၇၉၀၁၂၃၄၈၀** | **၀၉–၅၀၅၃၁၀၇** |

**အမှတ်– ၁၄၂၊ ပထမထပ်၊ ၃၉ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန Diploma in Early Childhood Care and Development (Dip ECCD) အပတ်စဉ်(၄) သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Diploma in Early Childhood Care and Development (Dip ECCD) (ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဘွဲ့လွန်ဒီပလိုမာ) သင်တန်းအပတ်စဉ်(၄)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်–

| | |
|---|---|
| သင်တန်းအမည် | – **Diploma in Early Childhood Care and Development (Dip ECCD)** (ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ) |
| အရည်အချင်းသတ်မှတ်ချက် | – တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အသက် ကန့်သတ်ချက်မရှိပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ECCD Center များနှင့် မူကြိုကျောင်းသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်းနိုင်သူဖြစ်ရမည်။ |
| သင်ကြားမည့်နေရာ | – ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | – တနင်္လာနေ့မှ သောကြာနေ့ထိ **နေ့စဉ် ညနေ (၄:၀၀)နာရီမှ (၆:၀၀)နာရီထိ** |
| သင်တန်းကာလ | – (၁၀)လ |
| သင်တန်းကြေး | – ၄၀၀၀၀၀ိ/–ကျပ် |
| ပေးအပ်မည့်ဘွဲ့ | – **Diploma in Early Childhood Care and Development (Dip ECCD)** |
| ဝင်ခွင့်စာမေးပွဲလျှောက်လွှာ စတင်ထုတ်ပေး/လက်ခံမည့် နေ့၊ ရက်နှင့် နေရာ | – (၂၀–၆–၂၀၂၃)ရက် (အင်္ဂါနေ့) သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေး တက္ကသိုလ် |
| လျှောက်လွှာပိတ်မည့်ရက် | – (၇–၇–၂၀၂၃)ရက် (သောကြာနေ့) |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | – ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက် | – (၁၃–၇–၂၀၂၃)ရက် (ကြာသပတေးနေ့) (ကလေးစိတ်ပညာနှင့်ပတ်သက်သော ဗဟုသုတကျွမ်းကျင်မှု) **နံနက်(၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ** |
| လူတွေ့စစ်ဆေးမည့်ရက် | – (၂၀–၇–၂၀၂၃)ရက် (ကြာသပတေးနေ့) **နံနက် (၈:၀၀)နာရီမှ စတင်မည်။)** |
| စာမေးပွဲကျင်းပမည့်နေရာ | – ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်ဖွင့်လှစ်မည့်ရက် | – (၂–၈–၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့) |
| စုံစမ်းရန် | – သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေး တက္ကသိုလ် |

**သင်တန်းရေးရာဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ မဟာဆွေကွန်ဒိုတာဝါ(ဘီ)၊ တိုက်အမှတ် (၃)၊ အခန်းအမှတ် (၆၀၄)၊ (၈)ထပ်ခွဲ၊ (၄)ခန်းတွဲတိုက်၏ (၆–လွှာ)၊ ဧရိယာအကျယ်အဝန်း (၁၀၄၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ရန်ကြားရှု [၁၃/လရန(နိုင်)၁၉၉၇၂၄] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြော့ကြော့လှိုင် [၅/ရဥန(နိုင်)၀၀၆၆၅၉]က အပြီးအပိုင် ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့် အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၅၂၁၂)** | **အထက်တန်းရှေ့နေ (စဉ်–၅၂၇၄၆)** |

**အမှတ် (၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း– ၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ခါတော်မှီ(၁)လမ်း၊ အမှတ်(၄၇၂) ဟုခေါ်တွင်သော အလျား ၄၀'x အနံ ၆၀'၊ ဧရိယာ (၀.၀၅၅)ဧက၊ ဦးလင်းထိုက် [၉/စကတ(နိုင်)၀၆၀၆၇၉] မြေအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးဝင်းမောင်[၁၁/ကဖန(နိုင်) ၀၀၀၄၅၅] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ (၁၃–၆–၂၀၂၃)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ယခုသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူမရှိ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကျော်**
**LL.B, B.A(Business Law)., C.B.L, DL–101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၈၇၉)**
**အမှတ်(၇၈)၊ ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–5045140, 09–250729155, 09–766345666**

## ရန်ကုန်ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ပညာရေးဒီပလိုမာသင်တန်း [Diploma in Education (Dip.Ed)] သင်တန်းအပတ်စဉ်(၁) ဖွင့်လှစ်မည့်အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနအစီအစဉ်ဖြင့် ပညာရေးဒီပလိုမာသင်တန်း [Diploma in Education (Dip.Ed)] သင်တန်းအပတ်စဉ်(၁)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်–

| | |
|---|---|
| သင်တန်းအမည် | – ပညာရေး ဒီပလိုမာသင်တန်း [Diploma in Education (Dip.Ed)] |
| အရည်အချင်းသတ်မှတ်ချက် | – ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ (ပညာရေးနှင့် ပတ်သက်သော လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည်)။ အသက်ကန့်သတ်ချက်မရှိပါ။ |
| သင်ကြားမည့်နေရာ | – ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | – တနင်္လာနေ့မှကြာသပတေးနေ့ထိ **နေ့စဉ် နံနက် (၇:၀၀)နာရီမှ (၉:၀၀)နာရီထိ** |
| သင်တန်းကာလ | – (၉)လ |
| သင်တန်းကြေး | – ၄၀၀၀၀၀ိ/–ကျပ် |
| ပေးအပ်မည့်ဘွဲ့ | – ပညာရေးဒီပလိုမာ Diploma in Education (Dip.Ed) |
| ဝင်ခွင့်စာမေးပွဲလျှောက်လွှာ စတင်ထုတ်ပေး/လက်ခံမည့် နေ့၊ ရက်နှင့် နေရာ | – (၂၀–၆–၂၀၂၃)ရက် (အင်္ဂါနေ့) သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |
| လျှောက်လွှာပိတ်မည့်ရက် | – (၇–၇–၂၀၂၃)ရက် (သောကြာနေ့) |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | – ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ ဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်ရက် | – (၁၀–၇–၂၀၂၃)ရက် (တနင်္လာနေ့) **နံနက် (၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ** (ပညာရေးဘာသာရပ်များ) မွန်းလွဲ (၁:၀၀)နာရီမှ (၃:၀၀)နာရီထိ (အင်္ဂလိပ်စာဘာသာရပ်) |
| လူတွေ့စစ်ဆေးမည့်ရက် | – (၂၆–၇–၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့) **နံနက်(၉:၀၀)နာရီမှ စတင်မည်။)** |
| စာမေးပွဲကျင်းပမည့်နေရာ | – ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်ဖွင့်လှစ်မည့်ရက် | – (၂–၈–၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့) |
| စုံစမ်းရန် | – သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |

**သင်တန်းရေးရာဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်– ၅၄ ဟုခေါ်တွင်သည့် (၄)ခန်းတွဲ (၈)ထပ်တိုက် Grand Hill Condo အဆောက်အဦရှိ အကျယ်အဝန်း (၁၈၅၀)စတုရန်းပေခန့်ရှိသော အခန်းအမှတ်(၂၀၂) ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရောင်းသူဖြစ်သည့် **ဦးကျော်ညွှန့်[၁၂/ဗဟန(နိုင်)၀၈၈၈၉၅]**မှ (၃၀–၃– ၂၀၁၅)နေ့စွဲပါ တိုက်ခန်းများ သီးခြားကိုယ်စီခွဲဝေပိုင်ဆိုင်ကြောင်းစာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၀၀၃၁၂၉၂**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ် ( ၅၂၁/က )၊ ဇေယျာမြိုင်လမ်း၊ (အလျား ၂၀ပေ)x (အနံ ၆၀ပေ)၊ (၁၂၀၀ စတုရန်းပေ)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်သန်းသန်းမြင့် (E/R. G.N 018891)မှ အမည်ပေါက်ပြီး ဒေါ်နီလာ [၁၂/ဒဂတ(နိုင်)၀၀၄၆၄၂]မှ ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပိုင်ကိုဦး [၁၂/သဃက(နိုင်)၁၆၆၆၇၃]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည် ။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတက်လူ ( LL.B ) အထက်တန်းရှေ့နေ (စဉ်–၄၁၉၉၅)**
**အမှတ် (၁၀)၊ ပုဂံလမ်း၊ (၆၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း – ၀၉–၄၂၁၀၅၀၀၆၃**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဖျာပုံလမ်း၊ မြေကွက်အမှတ်(၁၁၁၁/က) ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ × ၆၀)ပေရှိ မြေရှ(ပါမစ်)မြေကွက်ကို အပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်ချစ်စုမြိုင် (၁၂/မဂတ(နိုင်)၀၇၂၇၁၉) ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ဇာဖြူကြည် (၁၂/ရကန(နိုင်)၀၆၆၄၅၉)က အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ( ၇ )ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်သည်။ ၎င်းနေ့ရက်ကို ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဇာဖြူကြည် ၏ လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးမြတ်မင်းသိန်း(LL.B)** **ဒေါ်သက်သက်ဆွေ(LL.B)**
DL.101(IP),WIPO(Switzerland) DL.101(IP),WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၇၀၃) အထက်တန်းရှေ့နေ(စဉ်–၄၆၀၅၄)
အမှတ်(၁၁၄၈)၊ယုဿဝတီ(၁၇)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်
Phone - 09-968245587, 09-448031054, 09-764428101.

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ ပန်းဝါလမ်း၊ အမှတ်(၁၀၇၁)၊ အကျယ်(၄၀x၆၀)ပေခန့်ရှိ မြေကွက်သည် ဦးဖုန်းမြင့်နိုင်[၁၂/တမန(နိုင်)၀၆၆၀၁၇]အမည်ဖြင့် ပါမစ်ချထားပေးပြီး ၎င်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးစန်းနိုင်ဦး[၁၂/ခရန(နိုင်)၁၀၁၂၅၈]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့) ဒေါ်ကျော့ကျော့စံ(ဥပဒေဘွဲ့)**
**(စဉ်–၈၇၆၂) (စဉ်–၁၃၄၈၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ အခန်း(၉)ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၅၄၉၉၂၅၊ ၀၉–၇၇၇၅၀၅၇၃၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ်(၇၅၇)ဟုခေါ်တွင်သော ဦးသန်းထွန်းအမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်(မိတ္တူ)ပါ မြေ အကျယ် (ပေ ၄၀ x ပေ ၆၀)အနက်မှ (တရားဝင်ခွဲစိတ်ဆဲ) မြေအကျယ် (ပေ၂၀x ပေ၆၀) [မြေကွက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ မြေကွက်(၇၅၈)နှင့်ကပ်လျက်]ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ဟေမာဝင်း[၁၀/ကတန(နိုင်)၀၉၅၉၇၀]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးယုနိုင် [၁၂/အလန(နိုင်)၀၂၈၂၁၃] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ** **ညွှန်ကြားချက်အရ**
**ဦးယုနိုင်** **ဒေါ်ဟန်နီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၆၉)**
**အမှတ်(၃၅/၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ဖုန်း–၀၉–၅၀၅၄၁၂၆**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**

**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၇ နှင့်ဆက်နွယ်သည်**

**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၇**

၁။ ဒေါက်တာခိုင်ချယ်ရီ

၂။ ဒေါ်မြင့်မြင့်ဌေး နှင့် ဦးမျိုးခင်

**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ မ–၁၂ နေ ဦးမျိုးခင်(ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် တရားရုံး၏၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၇တွင် ကျန်ရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ၁။ ဒေါက်တာခိုင်ချယ်ရီ ၂။ ဒေါ်မြင့်မြင့်ဌေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၁)ရက်၊ (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇွန် လ (၁၄) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်မြင့်ဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ရန်ကုန်မြို့၊ ဒဂုံ(အရှေ့)မြို့နယ်၊ (၅၂)ရပ်ကွက်၊ စပါယ်ဦး (၁)လမ်း၊ မြေတိုင်းရပ်ကွက်(၅၂)၊ မြေကွက်အမှတ်(၅၀၉)၊ အကျယ်အဝန်း (အလျား ၅၀ပေ x အနံ ၆၀ပေ) အနက်မှ(၂၅ပေx ၆၀ပေ)၊ (လမ်းဘက်မှ ဝင်းမြေဘက်သို့ မျက်နှာမူလျှင် ညာဘက်ခြမ်း)၊ ဒေါ်ခင်ခင်သန်း အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အဆိုပါ ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူဦးဝေဖြိုးထွန်း[၁၂/တမန(နိုင်)၀၈၁၂၇၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဒေါ်သီသီနိုင်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော (မူရင်း) များနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇင်လင်းအောင် ( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၁၇၄၄)**
**Ph:09-986252417, 09-400462518**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်/တောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် (၂၃J–၂၃I)၊မြေကွက်အမှတ်(၁၄၈ဘီ၊ ၁၂ဘီ)၊ အကျယ်အဝန်း (၂၆ပေx၅၀ပေ) ဧရိယာ(၀.၀၃၀) ဧကဟုခေါ်တွင်သောနှစ်(၆၀)ဂရန်မြေအမည်ပေါက် ဒေါ်စန္ဒာလင်း [၁၂/ရကန(နိုင်)၀၆၈၂၉၃] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသောကြောင့် ဤအရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မိုးရွှေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၉၄၄၅၇**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရွှေမေတ္တာအပြင်လမ်း၊ အမှတ်(၁၇၆၅/ခ)နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရောဝဏ်အတွင်းလမ်း၊ အမှတ်(၃၃/ခ)နေ ဒေါ်စောအေး[၁၂/သကတ(နိုင်)၀၉၇၀၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရွှေမေတ္တာအပြင်လမ်း၊ အမှတ်(၁၇၆၅/ခ)ဟု ခေါ်တွင်သော(၂၀ပေx၆၀ပေ)မြေနှင့် အိမ်မှာ ဦးငြိမ်းအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်ရရှိထားသော မြေနှင့်အိမ်ဖြစ်ပြီး ဦးငြိမ်းနှင့်ဇနီး ဒေါ်ငွေမြတို့မှာ အသီးသီး ကွယ်လွန်သွားကြပြီးဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ သားသမီးများဖြစ်ကြသော (ဦးမောင်ဝင်း)၊ (ဒေါ်စန်းမြင့်)၊ ဒေါ်စန်းဌေး၊ ဒေါ်ဌေးဌေးမြင့်၊ ဒေါ်စောအေးတို့ (၅)ဦးမှ အမွေဆက်ခံပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမွေဆိုင် သားသမီးဖြစ်သော ဒေါ်စောအေး၏ခွင့်ပြုချက်မရှိဘဲ အမွေဆိုင်ပစ္စည်းဖြစ်သည့် အထက်ဖော်ပြပါ မြေနှင့်အိမ်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံထားရှိခြင်းတို့ ပြုလုပ်ခြင်းမပြုရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြဝင်း (LL.B)** **ဒေါ်တင်သိန်းဝေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၀၃၂၃)** **အထက်တန်းရှေ့နေ (စဉ်–၄၀၉၆၃)**
**အမှတ်(၁၀၈၀/က)၊ ဖေယျာမြိုင်လမ်း၊ ၁၉/ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-421037826, 09-448039058**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ အမှတ်(၁၃၄)နေ ဦးအောင်ကိုကို [၁၂/ဗဟန(နိုင်)၀၆၈၄၇၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၄၈)ဟု အမည်တွင်သော အမှတ်(၉၄၈)၊ ပေါ်ဦး (၃)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော(အလျား၄၀xအနံ၆၀)၊ မြေဧရိယာ(၀.၀၅၅) ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက် အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ဦးထွန်းကျော်ထံမှ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်စာရရှိထားသူ ဒေါ်ဌေးဌေးခိုင် [၁၂/သဃက(နိုင်) ၀၃၈၈၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုမှ တန်ဖိုးငွေအပြည့်အဝ ပေးချေ၍ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။

ဦးအောင်ကိုကို ဝယ်ယူထားသည့် အထက်ဖော်ပြပါ မြေကွက်နှင့် မြေပေါ်ရှိ အဆောက် အဦတို့အား ပိုင်ရှင် ဦးအောင်ကိုကို ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းများ၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်းများ (လုံးဝ) မပြုလုပ်ကြရန် အလေးအနက်တားမြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယင်းသို့ အသိပေးကြေညာချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးခိုင်ဇင်**
**( LL.B, D.B.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၂၄/၂၉–၇–၂၀၁၄)**
**တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၂၃)၊ မလိခအိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-31302543**

## ပြင်ဆင်ဖတ်ရှုပါရန်

၇–၆–၂၀၂၃ရက်ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)၊ ငမိုးရိပ်(၂)လမ်း၊ အမှတ်–၈၅၃၊ ပထမထပ်အခန်း–ရောင်းသူ(၂) ဒေါ်နေရည်ဝင်းမြင့်ခိုင် [၁၄/ဇလန(နိုင်)၁၂၃၆၁၀] ဟုဖော်ပြထားရာ ဒေါ်နေရီဝင်းမြင့်ခိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စလင်း–ဦးအောင်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၃၄၃၂)**
**အမှတ်(၃၄)၊ (ပ–ထပ်)၊ ပဒေသာလမ်း၊ မြေနီကုန်း(တောင်)ရပ်၊**
**စမ်းချောင်းမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၁၉၄၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆–၅–၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄)SPဦးရဲနောင်၏ အမည်ပြောင်းတွင်လျှောက်ထားသည့်အကြောင်းအရာအမည်ပြောင်း အစားမြေပုံကူး(အရောင်း)ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/က+ခ၊ ၃၃/က+ခ)၊ မြေကွက်အမှတ်(၉၆)၊ မြေကွက်တည်နေရာအမှတ်(T-2)၊ မေခအိမ်ရာ၊ မေခလမ်းသွယ်(၂)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစိုးစိုးဦး[၁၂/သဃက(နိုင်)၁၄၁၉၁၀]၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၈၆၇/၂၁–၆–၂၀၂၁) ဖြင့် ဒေါ်စန္ဒာအေးဝင်း၊ မဝတ်မှုံဦး၊ မောင်အောင်ကောင်းဆက် (အသက်မပြည့်သေးသူ မဝတ်မှုံဦးနှင့် မောင်အောင် ကောင်းဆက် တို့ကိုယ်စား သဘာဝ အုပ်ထိန်းသူအဖြစ်နှင့် ကိုယ်တိုင်အတွက် ဒေါ်စန္ဒာအေးဝင်းမှ လက်မှတ်ရေးထိုးချုပ်ဆိုထားပါသည်) ယခုအခါ၎င်းတို့မှ အရောင်းမြေပုံကူး လျှောက်ထားလာရာတွင် လျှောက်ထားသူ (၃)ဦးတွင် မဝတ်မှုံဦး[၁၂/သဃက(နိုင်)၂၀၂၈၉၇]မှ အသက်ပြည့်ပြီးဖြစ်သော်လည်း မောင်အောင်ကောင်းဆက်[၁၂/သဃက(နိုင်)၂၀၅၀၄၇]မှာ အရွယ်မရောက်သေးသူဖြစ်၍ ၎င်းအစုအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ တရားမထွေထွေမှုအမှတ်–၄၈/၂၀၂၂ အမိန့်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်–၇/၂၀၂၃ ထုံးပိုကျ အမိန့်တို့ဖြင့် ဒေါ်စန္ဒာအေးဝင်း[၁၂/သဃက(နိုင်)၁၃၁၆၀၀]အား အုပ်ထိန်းခွင့်လက်မှတ်ထုတ်ပေးသည့်အမိန့်၊ အမည်ပေါက်ဂရန်မူရင်း၊ ဖော်ပြပါ ပိုင်ဆိုင်စာချုပ်မူရင်း၊ တရားရုံးအထောက်အထား၊ နိုင်/ကတ်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြဝတ်ရည်လမ်း၊ မြေကွက်အမှတ်(၇၃၇)၊ အကျယ်အဝန်းပေ(အလျား၄၀xအနံ၆၀)မြေချပါမစ်မူရင်း မြေကွက်သည် ဦးအောင်ရှင်[၁၂/သဃက(နိုင်) ၀၆၇၀၆၅]အမည်ပေါက်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှတရားဝင်မခွဲစိတ်ရသေးသည့် ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၇၃၈)ကပ်လျက်ဘက်အခြမ်း၊ (ပေ၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်ခွဲတိုက်အိမ်တစ်လုံး ရေ၊ မီး အစုံအပါအဝင်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမမ[၁၂/တမန(နိုင်)၀၄၁၆၃၆]ထံမှ ကျွန်ုပ်မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သီတာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၉၈)**
**Ph:09-263911849**

## အိမ်ရှင်/မြေရှင် နှင့် ကန်ထရိုက်တာတို့ (၆)ထပ် တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်အား ဖျက်သိမ်းကြောင်း နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃/က၊ မြေကွက်အမှတ်(၃၄)၊ အလျား(၃၀)ပေxအနံ(၆၂)ပေရှိ မြေကွက်ပေါ်တွင် အဆင့်မြင့်(၆)၊ ထပ်တိုက်သစ်ဆောက်လုပ်ရန် " ကြယ်ဝန်းစံ " ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဦးညီညီအောင် [၁၂/ပဘတ(နိုင်)၀၀၂၄၁၂]ကိုင်ဆောင်သူနှင့် အိမ်ရှင်/မြေရှင် ဖြစ်သော ဦးစံမြင့် (ဘ) ဦးအုန်းကြိုင်[၁၂/ဥကတ(နိုင်)၀၆၁၁၆၂]တို့ (၁၆–၃–၂၀၁၄) ရက်နေ့တွင် (၆) ထပ်တိုက်သစ် ဆောက်လုပ်ရန် နှစ်ဦးသဘောတူ ကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ယခုအခါ လူကြီးမင်းဘက်မှ တိုက်သစ်ဆောက်လုပ်ရန် ပျက်ကွက်ခဲ့သောကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးမျိုးမင်းလှိုင် (ဘ) ဦးစံမြင့် [၁၂/ဥကတ(နိုင်)၁၆၃၉၃၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ယနေ့ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ဦးသဘောတူ ကတိစာချုပ်အား ဖျက်သိမ်းလိုက်ပြီးဖြစ်ပါသည်။

လူကြီးမင်းသို့ ကျွန်ုပ်မိတ်ဆွေမှ လွှဲအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင် ရုံးတွင်လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမင်းလှိုင်** **ဒေါ်ဆွေဇင်မြင့် LL.B**
**(ဘ) ဦးစံမြင့်** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၈၁၉)(၂၉–၆–၂၀၁၇)**
**အမှတ်– ၁၅၃(B)၊ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်။**
**Ph:09-782270048,09-254950210**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

"ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်၊ (၈)ရပ်ကွက်၊ နာနတ်တော လမ်းသွယ်၊ အမှတ်(A/၂၃)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(A–၂၃)၊ ဧရိယာ(၀.၁၁၅)ဧကရှိ နှစ်(၆၀)မြေငှား ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး"ကိုမြေအမည်ပေါက်သူ ဒေါ်ချောက်ယူ[၁၃/မဆတ(နိုင်)၀၂၈၂၂၉]သည် အရောင်းအဝယ် မှတ်ပုံတင် စာချုပ်အမှတ်(၃၁၉၁/၂၀၁၉)အရ မိမိမှ တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားကာ အမည်ပေါက် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချခွင့်ရှိကြောင်း၊ ဖွင့်ဟဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူသည့်အတွက် ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇/အေဗာတိဂုဏ်လမ်း၊မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ်၊ (၆)လမ်း၊ အမှတ်(၈၅)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဦးပိုင်အမှတ်)–၄၄၊ အကွက်နံပါတ်–၄၅၊ အကွက်အမည်(အင်းစိန်)၊ ကံဘဲ့မြို့ကွက်၊ အမှတ်(၁၀၉)၊ ရွာမလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ဦးတန်ချစ်ဆွေအမည်ပေါက်ဧရိယာ(၀.၃၆၂)ဧကရှိ မြေကွက်ကြီးအနက်မှ (ဦးဝင်းကြည်)+ဒေါ်စိန်လှိုင်တို့ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော မြေကွက်အမှတ်(၅)၊ မြောက်ဘက်ခြမ်း၊ အကျယ်အဝန်း အလျား ၈၅/၈၅ပေ x အနံ ၅၅/၄၅ပေရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုးပျဉ်ထောင်အိမ်(၂)လုံးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေများမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်အေးအေးမော် | ဒေါ်သူသူမင်း | ဒေါ်ခင်မိုမိုထွန်း | ဒေါ်မာလာသန်းမြင့် | ဒေါ်ချယ်ရီဇော် |
|---|---|---|---|---|
| (စဉ်–၇၆၀၇) | (စဉ်–၁၂၉၆၅) | (စဉ်–၁၅၉၉၄) | (စဉ်–၄၈၇၁၆) | (စဉ်–၄၄၃၉၃) |
| (တရားလွှတ်တော်ရှေ့နေများ) | | | (အထက်တန်းရှေ့နေများ) | |

**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း(၄၀)အောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၆၆၂၅၁၂၆၆၊ ၀၉–၇၆၃၁၆၁၂၅၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာ မှန်ပေမယ့်လည်း စည်းစနစ်တကျ ထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့အနာဂတ်ကို ထည့်သွင်းတွက်ချက် ဆောင်ရွက်ရပါမယ်။ ယခင်ကရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲသို့တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇွန် ၁၆**

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏စီစဉ်မှုဖြင့် အလှူရှင်များ လှူဒါန်းသည့် အလှူငွေများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော် လိုဏ်ဂူအတွင်း၌ ကျင်းပရာ ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နန္ဒရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**

## မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဘောလုံးပြိုင်ပွဲကျင်းပ၊ ဘောလုံးချစ်ပရိသတ်များ သောင်းသောင်းဖြဖြ အားပေး

**ရန်ကုန် ဇွန် ၁၆**

မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးရန်ပုံငွေဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲဝင်အသင်းနှစ်သင်းအား ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ရန်ပုံငွေဘောလုံးပြိုင်ပွဲကို မွန်းလွဲ ၃ နာရီတွင် စတင်ကျင်းပရာ ကောင်းထက်ဇော်၊ အောင်ရေချမ်း၊ ကျော်ဆုလင်းမြတ်၊ မာန်ဟိန်း၊ စည်သူဝင်း၊ နက္ခတ်၊ မျိုးသီဟသူ၊ ရှင်မွေလ၊ မိုးသူရ၊ မင်းဘုန်းမြတ်၊ အောင်ပိုင်၊ စောမင်းရာ၊ နက်ရှိုင်းကို၊ တေဇာကျော်၊ နေဝန်း၊ မိုးကောင်းကင် တို့ပါဝင်သည့် FOREVER FC အသင်းနှင့် နေထက်လင်း၊ သူထူးစံ၊ ကောင်းခန့်၊ မိုးယံဇွန်၊ နေဒွေး၊ ကျော်ကျော်၊ ဘုန်းသျှံ၊

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○**



FOREVER FC အသင်းနှင့် MOVIE FC အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။